ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့ (15-11-2011)(၆၉၄၄)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# ပြည်သူ့လွှတ်တော်အစည်းအဝေး (၄၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## အဆိုသစ်(၁)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း(၃)ခု လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်

နေပြည်တော်　　နိုဝင်ဘာ　　၁၄

**ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး (၄၇)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၇၄)ဦးတို့ တက်ရောက်ကြသည်။**



အစည်းအဝေး၌ အဆိုအသစ်(၁)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း(၃)ခုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

**အဆိုတင်သွင်းခြင်းကဏ္ဍ**၌ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာက **လျှပ်စစ်ဥပဒေကို ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်သင့်ကြောင်း** အဆိုကို တင်သွင်းရာတွင် လက်ရှိတည်ဆဲလျှပ်စစ်ဥပဒေအား ၁၉၈၄ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၇)ဖြင့် အသစ်ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါကြောင်း၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆

**ပြည်သူ့လွှတ်တော် အစည်းအဝေး (၄၇)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။** (သတင်းစဉ်)

# အမျိုးသားလွှတ်တော်အစည်းအဝေး (၄၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## ဥပဒေကြမ်း(၁)ခု ဆွေးနွေးခြင်းနှင့် အဆို(၁)ခု တင်သွင်းခြင်းတို့ ဆောင်ရွက်

နေပြည်တော်　　နိုဝင်ဘာ　　၁၄

**ယနေ့ အမျိုးသားလွှတ်တော်အစည်းအဝေး (၄၆)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၇)ဦးတို့ တက်ရောက်ကြသည်။**



ယနေ့ အစည်းအဝေး၌ ဥပဒေကြမ်း(၁)ခု ဆွေးနွေးခြင်းနှင့် အဆို(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ဥပဒေကြမ်းဆွေးနွေးခြင်းကဏ္ဍ**တွင် ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော **လယ်ယာမြေ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်က ဥပဒေကြမ်း၏ အခန်း(၁)၊ အပိုဒ် ၂(က)တွင် "နိုင်ငံတော်က အလိုရှိသည့်အတိုင်း သုံးစွဲနိုင်သည့်" ဟူသည့် စာသားကိုပယ်ဖျက်ရန်၊ အခန်း(၃)၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍

**အမျိုးသားလွှတ်တော် အစည်းအဝေး (၄၆)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။** (သတင်းစဉ်)

## ကြေးမုံစာတည်းရှုထောင့်

၁၅-၁၁-၂၀၁၁ [အင်္ဂါနေ့]။

### ဝန်ဆောင်မှုလည်းကောင်းစေ အန္တရာယ်လည်းကင်းစေ

ခရီးသွားလာမှုလုပ်ငန်းသည် လူတိုင်းနေ့စဉ် ပါဝင်လှုပ်ရှားနေကြရသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ လူနေသိပ်သည်းသည့် မြို့ပြဒေသများ၊ စီးပွားရေးအချက်အချာကျသောဒေသများတွင် မော်တော်ယာဉ်အသုံးပြုမှု တစ်နေ့တခြား များပြားလာလျက်ရှိသည်။ မော်တော်ယာဉ်များ တိုးပွားလာသကဲ့သို့ ယာဉ်မတော်တဆဖြစ်မှုများလည်း မြင့်တက်လာနေသည်။

ရက်ပိုင်းအတွင်းက အဆင့်မြင့်ခရီးသည်တင်ယာဉ် တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ခရီးသည် ၁၀ ဦးသေဆုံးပြီး နှစ်ဆယ်ကျော် ထိခိုက်ဒဏ်ရာရရှိသွားကြသည်။ အလားတူ ခရီးသည်တင်ယာဉ်အရှိန်ပြင်းပြင်းမောင်း၍ လမ်းဘေးထိုးဆင်းကာ သစ်ပင်ဝင်တိုက်မိမှ အရှိန်ရပ်သွားသော သတင်း၊ တံတားသံပေါင်အား ဝင်တိုက်မိသည့် သတင်း၊ မီးပွိုင့်တွင် ယာဉ်များဆင့်ကဲတိုက်မိ၍ ထိခိုက်ပျက်စီးကြသောသတင်း စသည်စသည် ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှု ဖြစ်ရပ်စုံများကို နေ့စဉ်တွေ့မြင်ကြားသိနေရသည်။

ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများကို လေ့လာသည့်အခါ အဓိကအားဖြင့် ယာဉ်မောင်းများ၏ ပေါ့ဆမှုကြောင့် ဖြစ်ပွားရသည်။ အများအားဖြင့် မူးယစ်သောက်စားမောင်းနှင်ခြင်း၊ ယာဉ်ကြောလုမောင်းခြင်း၊ မိုင်နှုန်းမြင့်မောင်းနှင်ခြင်း စသည့်မဆင်မခြင်မောင်းနှင်နေမှုများကို တွေ့မြင်နေရဆဲဖြစ်သည်။ ယာဉ်မတော်တဆဖြစ်ပွားသည့်အခါ ယာဉ်တိုက်ခံရသူရော၊ ယာဉ်မောင်းသူပါ လူမှုရေးအရ များစွာထိခိုက်နစ်နာကြရသည်။

ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုမဖြစ်ပွားအောင် ထိထိရောက်ရောက် လုပ်ဆောင်ဖို့လိုလာပေပြီ။ ယာဉ်အန္တရာယ်ကင်းရေး အသိပညာပေးနေသော်လည်း ယာဉ်တိုက်မှုများသိသိသာသာကျဆင်းမှုမရှိခြင်းက ထိရောက်မှုအားနည်းနေခြင်းကို ဖော်ညွှန်းနေသည်။ လမ်းပေါ်မှစောင့်၍ စစ်ဆေးကြပ်မတ်သော်လည်း စစ်ဆေးမှုမရှိသည့်နေရာတွင် စည်းကမ်းဖောက်နေကြဆဲဖြစ်သည်။ ရပ်လိုသည့်မှတ်တိုင်တွင် အချိန်ကန့်သတ်မှုမရှိ ရပ်နေကြပြီး မောင်းလိုသည့်အခါ ရာသီဥတုအချိန်အခါ၊ ယာဉ်သွားလာမှုအခြေအနေကို မကြည့်ဘဲ ကြောက်ခမန်းလိလိ အရှိန်မြှင့်မောင်းနေကြဆဲပင်။

ခရီးသည်အများစုမှာ ခရီးသည်တင်ယာဉ်လိုင်းများကိုသာ အားကိုးအားထားပြုနေကြရသည်ဖြစ်ရာ ခရီးသည်များအပေါ် စာနာစိတ်ဖြင့် ကူညီကြရန်တာဝန်ရှိသည်။ အဆိုပါယာဉ်များမှာ ပြင်ပဥပမိရုပ်ကိုဆေးသုတ်၍ မွမ်းမံထားသော်လည်း အတွင်းပိုင်း၌ယိုင်နဲ့ ကျိုးပြတ်ပေါက်ပြဲနေသော ထိုင်ခုံများ၊ လေဝင်လေထွက်ပိတ်၍ ပူလောင်နေသောယာဉ်များ၊ ခရီးသည်များအပေါ် ကြမ်းတမ်းစွာအော်ငေါက်ပြောဆိုဆက်ဆံနေကြသည့် ယာဉ်နောက်လိုက်များကလည်း အများသားပင်။

ခရီးသည်များက သတ်မှတ်သည့်ယာဉ်စီးခပေး၍ စီးနေကြသည်။ ထိုင်ခုံပြည့်ခရီးသည် တင်ဆောင်ရန် သတ်မှတ်ထားသော်လည်း၊ ထိုင်ခုံမဲ့ခရီးသည် လူ ၃၀ကျော်ပြည့်သိပ်တင်နေသော်လည်း သည်းခံ၍ စီးနေကြသည်။ ယာဉ်လိုင်းများအနေဖြင့် မိမိတို့ကို သတ်မှတ်ယာဉ်စီးခ ပေးစီးနေသည့် ခရီးသွားများအပေါ် ဝန်ဆောင်မှုကောင်းကောင်းပေး၍ တုံ့ပြန်သင့်သည်။ မိမိတို့ယာဉ်လိုင်းလည်း ဝင်ငွေရ၊ ခရီးသည်များလည်း စိတ်ချမ်းသာ၊ ယာဉ်အန္တရာယ်ကင်းကင်းဖြင့် လိုရာခရီးရောက်ရှိနိုင်ရေး ကူညီဆောင်ရွက်ပေးသင့်ကြောင်း ကြေးမုံက တိုက်တွန်းပါသည်။ ။

## ပြည်သူ့လွှတ်တော်တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီဥက္ကဋ္ဌအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်၊ ပြည်ထဲရေးရာနှင့် ဥပဒေရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ပြည်သူ့လွှတ်တော်တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ သူရဦးအောင်ကိုအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်၊ ပြည်ထဲရေးရာနှင့် ဥပဒေရေးရာကော်မတီဒုတိယဥက္ကဋ္ဌ H. E. Mr. Bai Jingfu ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ကော်မတီအတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကော်မတီအနေဖြင့် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်(၃)ရပ်ကို ဟန်ချက်ညီညီခိုင်မာစေရန် ထိန်းညှိဆောင်ရွက်နေမှု၊ တရားလွှတ်တော်ချုပ်အား ကော်မတီမှ ကူညီပံ့ပိုးထိန်းညှိဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ကြသည်။

ညပိုင်းတွင် ကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုက ဧည့်သည်တော် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့အား မြတ်တော်ဝင်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)



**ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်၊ ပြည်ထဲရေးရာနှင့် ဥပဒေရေးရာ ကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr.Bai Jingfu ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၅-၁၁-၂၀၁၁ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ ဇာတ်လမ်းတို
- ၈း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၁၅ ၄။ မျိုးချစ်တပ်မတော်
- ၄း၂၅ ၅။ မြန်မာ့ရှုခင်း
- ၄း၃၅ ၆။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၄၅ ၇။ အင်္ဂလိပ်စာသုတ
- ၄း၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း -၅၄)**
- ၆း၀၀ ၁၁။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ Guide For You
- ၆း၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
- ၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၇၀)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ဒို့တာဝန်အရေး(၃)ပါး
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ သီချင်းလက်ဆောင်
- ၂၂။ ဟာသရုပ်စုံ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမှတ်တရနေ့ရက်လေးများ (အပိုင်း-၁၀)**
- ၂၅။ Mini Series

## နယ်စပ်ရေးရာဝန်ကြီးဌာန သင်တန်းများ ဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်သည် ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ် (၄၇/၄၈)၊ အဆင့်မြင့် စက်ချုပ်နည်းပြ သင်တန်းအမှတ်စဉ် (၂၅)၊ အုပ်ချုပ်မှုနည်းပြသင်တန်းအမှတ်စဉ်(၁)၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၇၇/၇၈)သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။**(အောက်ပုံ)**

ယနေ့ဖွင့်လှစ်သည့် သင်တန်းများဖြစ်သော စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၄၇)သို့ သင်တန်းသူ ၃၀၊ စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၄၈)သို့ သင်တန်းသူ ၃၀၊ အဆင့်မြင့် စက်ချုပ်နည်းပြ သင်တန်းအမှတ်စဉ်(၂၅) အုပ်ချုပ်မှုနည်းပြသင်တန်းအမှတ်စဉ်(၁)သို့ သင်တန်းသား ၁၅ ဦး၊ သင်တန်းသူ ရှစ်ဦး၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၇၇)သို့ သင်တန်းသူ ၂၈ ဦး၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၇၈)သို့ သင်တန်းသူ ၂၃ ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၁၅၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အထက(၄)ကမာရွတ် စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၄**

အထက(၄)ကမာရွတ်၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ကျင်းပမည်ဖြစ်သဖြင့် အကြိုညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၄-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၇၈၉၆ | ၀. ၀၃၂၄၈ |
| တရုတ် (ယွမ်) | ၆. ၃၅၆၆၅ | ၀. ၁၅၇၃၂ |
| အိန္ဒိယ (ရူပီး) | ၅၀. ၂၉၀၀ | ၀. ၀၁၉၈၈ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၃၆၅၀ | ၀. ၃၁၈၈၃ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၈၉၀၆ | ၀. ၇၇၅၇၆ |
| ဂျပန် (ယန်း) | ၇၆. ၉၇၅၃ | ၀. ၀၁၂၉၉ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၂၆. ၄၀ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၃၂၆၁ | ၁. ၃၆၄၉၈ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၇၄၅ | ၁. ၅၉၃၇၄ |

**အင်တာနက်။**

## မန္တလေးကုန်စည်ဈေးနှုန်း

(၁၄-၁၁-၂၀၁၁)

**ရွှေဈေး**

| | |
|---|---|
| အခေါက်ရွှေ(အဆင့်-၁) | ၇၃၂၅၀၀ |
| အခေါက်ရွှေ(အဆင့်-၂) | ၇၃၁၅၀၀ |
| ရွှေဒင်္ဂါး(ရွှေရည်မီ) | ၆၅၈၀၀၀ |

**ဆန်ဈေး**

(သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)

| | |
|---|---|
| ပေါ်ဆန်းမွှေး | ၃၅၀၀၀ |
| ရွှေဘိုမနော် | ၂၆၀၀၀ |
| မဂျမ်းတော | ၂၈၀၀၀ |
| စောရှုပ်(ဟောင်း) | ၂၅၀၀၀ |
| စောရှုပ်(သစ်) | ၂၁၀၀၀ |
| ပေါ်ကျွဲ(ဟောင်း) | ၂၂၀၀၀ |
| ပေါ်ကျွဲ(သစ်) | ၁၉၅၀၀ |
| ဇီယာ(ဟောင်း) | ၂၁၅၀၀ |
| ဇီယာ(သစ်) | ၁၅၅၀၀ |
| ငစိန် | ၁၄၀၀၀ |
| ဧရာမင်း | ၂၆၀၀၀ |

**ဆီဈေး**

| | |
|---|---|
| ပဲဆီ | ၂၉၀၀/၃၆၀၀ |
| နှမ်းဆီ | ၂၄၀၀/၂၄၅၀ |
| ပန်းနှမ်းဆီ | ၂၈၀၀/၂၈၅၀ |
| နေကြာဆီ | ၂၈၀၀/၃၀၀၀ |
| မုန်ညင်းဆီ | ၂၈၀၀/၂၈၀၀ |
| စားအုန်းဆီ | ၁၇၉၀/၁၈၂၀ |
| ကြက်ဆူဆီ | ၃၂၀၀ |

**သကြားဒိုင်ဈေးနှုန်း**

| | |
|---|---|
| ခါသကြား | ၈၀၀/၈၁၀ |
| ပွတ်သား | ၆၂၀/၆၃၀ |
| ခါရေ | ၃၁၀/၃၂၀ |
| ပေါင်းရေ | ၂၆၀ |

**စက်သုံးဆီ**

| | |
|---|---|
| ရေနံစိမ်း(တစ်စည်)၁၁၅. ၃၀ ဒေါ်လာ | |
| ဓာတ်ဆီ(တစ်ဂါလန်) | ၂၅၀၀/၄၃၀၀ |
| ဒီဇယ်ဆီ(တစ်ဂါလန်) | ၃၅၀၀/၃၃၀၀ |

**(၀၀၂)**

တန်ဖိုးရှိလှ
လူငယ်ဘဝ
မူးယစ်ကင်းစင်
ကျန်းမာမှ



# ဥပ္ပါတသန္တိစေတီတော်၌ ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်သည် နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်လိုဏ်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာ ရတနာ ကျောက်စိမ်း ရုပ်ပွားတော်မြတ်ရှေ့၌ ယာယီသီတင်းသုံး စံပယ်အပူဇော်ခံလျက်ရှိရာ ယနေ့ နဝမနေ့ နံနက်ပိုင်းမှ ညပိုင်းအထိ ဥပ္ပါတသန္တိ စေတီတော်၌ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ရဟန်းရှင်လူပြည်သူများသည် ရာဇဌာနီလမ်းရှိ တောင်ဘက်မုခ်မှ ဥပ္ပါတသန္တိ ကုန်းတော်ခြေရင်းသို့ ခြေကျင်လျှောက်၍လည်းကောင်း၊ နေပြည်တော်ကောင်စီမှစီစဉ်သည့် ကုသိုလ်ယူဘုရားဖူးယာဉ်များဖြင့် လည်းကောင်း မြတ်စွယ်တော်အား လာရောက်ဖူးမြော်ပူဇော်ကြရာ စေတီတော်ရင်ပြင်နှင့် ကုန်းတော်တစ်ဝိုက်တို့၌ အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် အနယ်နယ်အရပ်ရပ်မှ မြတ်စွယ်တော်ဖူးလာရောက်ကြသည့် ရဟန်းသံဃာတော်များ၊ သက်ကြီးရွယ်အိုများနှင့် လမ်းမလျှောက်နိုင်သူများအား အနောက်တောင်ထောင့်ရှိ ဓာတ်လှေကားဖြင့် လွယ်ကူစွာ တက်ရောက်ဖူးမြော်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးနေသကဲ့သို့ လူမှုရေးအသင်းအဖွဲ့ဝင်များကလည်း ဘီးတပ်ကုလားထိုင်တို့ဖြင့်လည်းကောင်း၊ ဖေးမတွဲကူ၍လည်းကောင်း မြတ်စွယ်တော်ဖူးမြော်ပူဇော်နိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မြတ်စွယ်တော်အား ဖူးမြော်ပူဇော်နိုင်ရေးအတွက် ဥပ္ပါတသန္တိစေတီတော်လိုဏ်ကို နေ့စဉ် နံနက် ၆ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ထားရှိရာ အထူးအားဖြင့် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် စည်ကားများပြားစွာ လာရောက်ဖူးမြော်ကြသည်ကို တွေ့မြင်ရသည်။

ရဟန်းရှင်လူပြည်သူများ သဒ္ဓါကြည်ဖြူပေးလှူနိုင်ရန်အတွက် အလှူခံဌာနများ ဖွင့်လှစ်အလှူခံလျက်ရှိရာ ဦးခင်မောင်ကိုး ဦးဆောင်သည့် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ထီသိမ်ရပ်နေ ပအိုဝ်းတိုင်းရင်းသား ဘုရားဖူးအဖွဲ့က ငွေကျပ်ငါးသိန်း၊ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်နေ ဦးတင်စိန်-ဒေါ်စန္ဒာမိသားစုက ငွေကျပ် ၂၅၀၀၀၀၊ နေပြည်တော်ရှိ ACE ဆောက်လုပ်ရေးမှ ဦးမြင့်လွင်-ဒေါ်မိုးမိုးငယ် မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်း-ဒေါ်မာလာမျိုးစိန် မိသားစု၊ ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ဝတ်ရွတ်အသင်းနှင့် အကျဉ်းဦးစီးဌာန ဝန်ထမ်းနှင့်မိသားစုများက ငွေကျပ်တစ်သိန်းစီ၊ ရန်ကုန်မြို့ အင်းယားလမ်းနေ ဦးအောင်မိုးကျော်-ဒေါ်မာမာထွန်း မိသားစုက ငွေကျပ် ၂၃၅၀၀၀၊ စေတနာရှင်မိသားစုက ခန့်မှန်းငွေကျပ် ၇၃၉၀၀၀ တန်ဖိုးရှိ ၁၆ ပဲရည် ရွှေစင်တုံးတစ်တုံး၊ ကလောမြို့ စစ်ဦးစီးတက္ကသိုလ်မှ ဗိုလ်မှူးကြီး စံမြင့်-ဒေါ်အေးအေးမူ မိသားစုက စုစုပေါင်း ခန့်မှန်းငွေကျပ် ၃၆၀၀၀၀ တန်ဖိုးရှိ ရွှေနားဆွဲနှစ်ရန်နှင့် ရွှေလက်စွပ်တစ်ကွင်း၊ ဒေါ်ခင်သန်းမြင့်အား အမှူးထား၍ မိုးကုတ်မြို့ ရှမ်းစုရပ်နေ ဦးခင်မောင်ဇော်-ဒေါ်ချစ်ချစ်စု မိသားစုက ခန့်မှန်းငွေကျပ်နှစ်သိန်း တန်ဖိုးရှိ ရွှေလက်စွပ်တစ်ကွင်း၊ တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာနေ ဒေါ်ခင်လေးမြင့် (ဒို့ညီနောင်) မိသားစုက စုစုပေါင်း ခန့်မှန်းငွေကျပ် ၁၉၀၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ်နှစ်ကွင်းနှင့် ဦးခွန်သိန်းထွဋ်-ဒေါ်နန်းလင်းလင်းအောင်ဝင်း မိသားစုက ခန့်မှန်းငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ ရွှေဖြူနားကပ်တစ်ရန် အပါအဝင် စုစုပေါင်းငွေကျပ် တစ်သိန်းနှင့်တစ်သိန်းအထက် အလှူရှင် ၄၃ ဦးနှင့် ရွှေငွေလက်ဝတ်ရတနာမျိုးစုံ အလှူရှင် ၇၁ ဦးတို့က လာရောက်လှူဒါန်းကြရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက လက်ခံ၍ ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

နိုဝင်ဘာ ၁၃ ရက် ညနေပိုင်းမှ ယနေ့ညနေ ၆ နာရီအထိ အလှူခံဌာနများသို့ လာရောက်လှူဒါန်းကြသည့် လှူဒါန်းမှုအစုစုမှာ အလှူတော်ငွေကျပ် ၂၅၉၂၂၂၂၀၊ FEC တစ်ယူနစ်၊ အမေရိကန် ဒေါ်လာ ၄၇ ဒေါ်လာ၊ ရီမင်ဘီ ၃၀၊ ထိုင်းဘတ် ၄၀၊ မလေးရှားရင်းဂစ် ၃ ၊ စင်ကာပူဒေါ်လာ ၂၅ ဒေါ်လာ နှင့် ရွှေ၊ ငွေ၊ လက်ဝတ်ရတနာမျိုးစုံ ၉၇ ခု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၉၆၆၀၀ တို့ဖြစ်သည်။

(သတင်းစဉ်)





## ဖူးမြော်ကြည်ညို

ဗုဒ္ဓမြတ်စွယ်တော်အား ပအိုဝ်းတိုင်းရင်းသား ဘုရားဖူးအဖွဲ့ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဝန်ထမ်းများအား တွေ့ဆုံမှာကြား ပွင့်လင်းရာသီတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရန်အတွက် စနစ်တကျပြင်ဆင်ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁၄**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မကြာမီကာလအတွင်း ပွင့်လင်းရာသီရောက်ရှိတော့မည်ဖြစ်၍ ပွင့်လင်းရာသီတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိစေရန်အတွက် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ရေးကို စနစ်တကျ ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊ လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်ရန်၊ ဝင်ငွေတိုးတက်ရရှိရေးအတွက် ခရိုင်/မြို့နယ် အလိုက် Unit Losses ကျဆင်းရေးကို အလေးထားဆောင်ရွက်ရန်၊ စက်ရုံ၊ ခွဲရုံများ၏ အားနည်းချက်ကြောင့် ဓာတ်အားပြတ်တောက်မှု မရှိစေရေး၊ ဓာတ်အားလိုင်းများ အပြစ်ဖြစ်ပေါ်ခြင်းကြောင့် ဓာတ်အားပြတ်တောက်မှုမရှိစေရေး ကိစ္စရပ်များနှင့် ဝန်ထမ်းများ အနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျနေထိုင်ရေးတို့ကို အကျယ်တဝင့်ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## တွေ့ဆုံမှာကြား

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (ရုံးချုပ်) အစည်းအဝေးခန်းမတွင် ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

# ဒုတိယဝန်ကြီး ဦးကျော်လွင် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်-တောင်ညို-ချောင်းနက်လမ်း မိုင်တိုင်အမှတ်(၂၂/၃)အနီး၌ အထူးစီမံကိန်းကြီးအဖွဲ့(၁)မှ တာဝန်ယူဆောင်ရွက်သော လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မိုင်တိုင်အမှတ် (၂၄/၆) အနီး၌ စက်ယန္တရားကြီးများဖြင့် လမ်းအူကြောင်း ဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့မှ တစ်ဆင့် ရွှေဘို-မြစ်ကြီးနား လမ်းအတိုင်း ထွက်ခွာခဲ့ရာ မိုင်တိုင်အမှတ်(၉/၀)မှ (၂၂/၀)ထိ အပိုင်း မိုင်တိုင်အမှတ် (၉/၇) အနီး၌ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)က ကတ္တရာခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု၊ အထူးစီမံကိန်းကြီး အဖွဲ့ (၁)က မိုင်တိုင်အမှတ်(၂၂/၀)မှ (၃၅/၀)ထိ အပိုင်း မိုင်တိုင်အမှတ် (၂၂/၀) အနီး၌ မြေကြီးလုပ်ငန်း ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၂၅/၂)နှင့် (၂၅/၃)ကြား၌ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၃၁/၇)နှင့် (၃၂/၀)ကြားတွင် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်းအင်္ဂါရပ်ပြည့်မီစေရေး စနစ်တကျ ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ယင်းနောက် ရွှေဘို-မြစ်ကြီးနားလမ်းမှ တစ်ဆင့် ရွှေဘိုမြို့နယ် စံပယ်နံ့သာ-ကန့်ဘလူလမ်းကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ကန့်ဘလူမြို့၌ မြို့ရှောင်လမ်း တိုးတက်ပြုပြင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင် ရွှေဘို-မြစ်ကြီးနား လမ်းအပိုင်း၌ ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၅-၁၁-၂၀၁၁ (အင်္ဂါနေ့)**

AM & PM

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ “ရုပ်နာမ်ပေါ် ဖုံးနေသည့် အမှောင်” တရားတော် (ဘဒ္ဒန္တကုဏ္ဍာဝုဓာဘိဝံသ) (ထူးကြီးဆရာတော်)
၆:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ”(အပိုင်း-၂၆)**
၇:၃၀ MRTV-4 သတင်း
၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “တွဲလက်မဖြုတ်တမ်း”(အပိုင်း-၂၁)**
၈:၄၅ ဆေးပေါင်းခတဲ့ Rock Concert (Part-4)
၉:၂၅ Cartoon Show Time
၉:၅၀ ကြည်နူးနှစ်သက်စွာနားဆင်ခံစား ကြရမည့် အလင်္ကာဝတ်ရည် မြန်မာမှု တေးဂီတအဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုများ
၁၀:၁၀ ကောင်းမွန်သော စိုက်ပျိုးရေးကျင့်စဉ်များဖြင့် ရော်ဘာအထွက်နှုန်းများ တိုးမြင့်လာစေရန်ဆောင်ရွက်ခြင်း
၁၀:၂၀ Activities in The City
၁၀:၄၀ Celebrity Style
၁၁:၁၀ International Show Biz
၁၁:၃၀ JAPAN VIDEO TOPICS
၁၁:၄၀ သဒ္ဓါကြည်ဖြူ ကုသိုလ်ယူ မိဘရိပ်မှ မြတ်သောအလှူ
၁၂:၁၅ သင်ကြားရေးလမ်းညွှန်
၁၂:၂၅ ကလေးတို့အတွက်လမ်းညွှန်
၁၂:၃၀ ဓမ္မရတနာသာသနာ့ရိပ်သာမှ သာဓုခေါ် စေရာ အဘိဓမ္မာ အခါတော်နေ့မှာ
၁၂:၄၀ ကျေးဇူးတော်ရှင်မင်းကွန်း တိပိဋကရေဆရာတော်ကြီး နှစ်တစ်ရာပြည့် အထိမ်းအမှတ် (အပိုင်း-၃)
၁:၀၀ “ရုပ်နာမ်ပေါ် ဖုံးနေသည့် အမှောင်” တရားတော် (ဘဒ္ဒန္တကုဏ္ဍာဝုဓာဘိဝံသ) (ထူးကြီးဆရာတော်)
၂:၀၀ MRTV-4 သတင်း
၂:၂၀ ရယ်စရာဖေးရှင်း (ရယ်စရာအင်တာဗျူး)
၂:၄၅ LEN SEN ၏ကံထူးရှင်ရွေးချယ်ပွဲ
၂:၅၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ “သံယောဇဉ်နဲ့အချစ် ၂၀၂၈”
၃:၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ” (အပိုင်း-၂၆)**
၄:၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “တွဲလက်မဖြုတ်တမ်း”(အပိုင်း-၂၁)**
၄:၅၅ Activities in The City
၅:၁၀ The Champion of Dance
၅:၄၅ ရန်ကုန်မြင်ကွင်းကျယ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ”(အပိုင်း-၂၇)**
၇:၁၅ ဆေးပေါင်းခတဲ့ Rock Concert (Part-5)
၈:၀၀ MRTV-4 သတင်း
၈:၃၀ Celebrity Choice
၉:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “တွဲလက်မဖြုတ်တမ်း”(အပိုင်း-၂၂)**
၁၀:၁၅ အနုပညာမိုးကောင်းကင်
၁၀:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သံစဉ်ချိုအိပ်မက်လေး” (အပိုင်း-၁)**
၁၁:၁၅ FA Cup (Alfreton Town Vs Carlisle United) (DELAY)
၁:၁၅ ဆီးချိုသွေးချိုရောဂါဆိုင်ရာ ပြောင်းလဲလာသော အယူအဆများ (အပိုင်း-၂) (ပါမောက္ခဒေါက်တာ တင့်ဆွေလတ်)
၁:၅၀ နောက်မကျရအောင် (မင်းသူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)
၂:၀၀ စိတ်ကူးတို့နှင့်မြမြင့်မိုရ်
၂:၂၅ England Vs Sweden (LIVE)
၄:၂၅ ဓညဝတီရဲ့တေးနရီ ရသစုံလီရခိုင်စာပီ
၄:၄၀ မေတ္တာတရားနဲ့အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ
၅:၀၀ အစီအစဉ်ပြီး။



## မြန်မာနှင့်တရုတ် နီကယ်သတ္တုသယံဇာတများ စမ်းသပ်ရှာဖွေရေး၊ တူးဖော်ထုတ်လုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၄**

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ North Petro-Chem Corporation NPCC မှ Chairman Mr. Li Li ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် နီကယ်သတ္တုသယံဇာတများ စမ်းသပ်ရှာဖွေရေး၊ တူးဖော်ထုတ်လုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ထိုသို့လာရောက်တွေ့ဆုံရာသို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြခန်းကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

❁ **ကျောဖုံးမှ**

ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဝဏ္ဏကျော်ထင် ဦးလှမြင့်ဆွေနှင့် အထွေထွေအတွင်းရေးမှူး ဦးကျော်သန်းတို့အား ကမ္ဘာ့ကာယဗလအဖွဲ့ချုပ် (World Bodybuilding & Physique sports Federation) မှ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခဲ့သည်။

အဆိုပါ ကမ္ဘာ့ကာယဗလ တံခွန်စိုက်ပြိုင်ပွဲနှင့် မောင်စကြဝဠာပြိုင်ပွဲသို့ နိုင်ငံပေါင်း ၃၇ နိုင်ငံမှ ကာယဗလအဖွဲ့ချုပ်များ တက်ရောက်ခဲ့ပြီး နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ကာယဗလအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။ ၆၀ ကီလိုတန်းတွင် မောင်စကြဝဠာ တတိယဆုကို ရရှိခဲ့သော မြန်မာနိုင်ငံမှ ကာယဗလအားကစားသမား ထွန်းမင်းသည် ၂၀၁၁ ခုနှစ် အောက်တိုဘာလအတွင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သော အာရှကာယဗလ တံခွန်စိုက်ဖိတ်ခေါ်ပြိုင်ပွဲတွင် ဒုတိယဆုငွေတံဆိပ်ကို ရရှိခဲ့သူဖြစ်ပြီး ယခု ကမ္ဘာ့ကာယဗလပြိုင်ပွဲတွင် ဗီယက်နမ်နိုင်ငံမှ ကမ္ဘာ့ချန်ပီယံဘွဲ့ကို နှစ်ပေါင်းများစွာ ရယူထားသူ ပြိုင်ဘက်ဟောင်း ဖန်ဗန်မတ် (Pham Van Mach) ကို ကျော်ဖြတ်၍ မောင်စကြဝဠာ တတိယဆုကို ရရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## ဆီးချိုရောဂါကို စုပေါင်းညီညာ မကာကွယ်နိုင်လျှင် ၂၀၃၀ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ ၄၃၅ သန်းထိ ရောဂါဖြစ်ပွားမှု မြင့်မားလာမည်ဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁၄**

ယနေ့အခမ်းအနားသည် ဆီးချိုသွေးချိုရောဂါအကြောင်းကို ပြည်သူလူထုအတွင်း ပိုမိုသိရှိပြီး သတိပြုလာမိစေရန် ရည်ရွယ်ကာ ကမ္ဘာနှင့်အဝန်းကျင်းပသည့် အခမ်းအနား ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် နောင်လာမည့်နှစ်အနည်းငယ်အတွင်းဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးပြဿနာတစ်ခု ဖြစ်သည့်အတွက် ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများကို အမျိုးသားကျန်းမာရေးစီမံကိန်း ၁၉၉၃-၁၉၉၆ မှ စတင်အကောင်အထည်ဖော်ခဲ့ကြောင်း၊ ပညာရှင်များ၏ ခန့်မှန်းချက်အရ ဤရောဂါကို လူတိုင်းလူတိုင်း၊ နိုင်ငံတိုင်းကသာ စုပေါင်းညီညာစွာ ကာကွယ်နိုင်ခြင်း မပြုနိုင်ခဲ့ပါက ၂၀၃၀ ခုနှစ်တွင် လူဦးရေ ၄၃၅ သန်းအထိ ရောဂါဖြစ်ပွားမှု မြင့်မားလာမည်ဖြစ်ကြောင်း၊ ထို့အတွက် ကဏ္ဍစုံ၊ ဘက်ပေါင်းစုံမှ လက်တွဲညီညီဖြင့် ဝိုင်းဝန်းကာကွယ်တိုက်ဖျက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပြခန်းငယ်အား လှည့်လည်ကြည့်ရှုအားပေးသည်။

ယခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်မှာ "ဆီးချိုသွေးချို အကြောင်းသိစေဖို့ မနေ့အမြန်ပညာပေးစို့"ဖြစ်သည်။

၂၀၁၁ ခုနှစ် စာရင်းများအရ ကမ္ဘာပေါ်တွင် အဆိုပါဝေဒနာရှင်ပေါင်း သန်း ၃၀၀ ကျော်ရှိကာ ရှစ်စက္ကန့်တိုင်းတွင် လူတစ်ဦးနှုန်းသေဆုံးလျက်ရှိသည်။ တစ်နှစ်လျှင် လူသန်းပေါင်း လေးသန်း ရောဂါဖြစ်ပွားလျက်ရှိပြီး လူလေးသန်းခန့် သေဆုံးလျက်ရှိ၍ လူတစ်သန်းကျော်မှာ ဆီးချိုသွေးချိုရောဂါ နောက်ဆက်တွဲအဖြစ် ခြေ၊ လက်များ ပုပ်သောရောဂါခံစားရပြီး ခြေထောက်ဖြတ်ကုသခံနေရသဖြင့် တိုင်းပြည်ဝင်ငွေကိုသန်းပေါင်းချီ၍ ဆုံးရှုံးနေရသကဲ့သို့ တိုင်းပြည်ကုန်ထုတ်စွမ်းအားကိုလည်း ထိခိုက်ဆုံးရှုံးနေကြောင်း သိရှိရသည်။

(သတင်းစဉ်)

## မြစ်ကြီးနားမြို့ သီတာရပ်ကွက်၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား

## ၁၀ ဦးသေဆုံး၊ ၂၃ ဦး ဒဏ်ရာရရှိပြီး နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံး

နေပြည်တော် နိုဝင်ဘာ ၁၄

**ယမန်နေ့ ညပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သီတာရပ်ကွက်၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားပြီး ၁၀ ဦးသေဆုံးကာ ၂၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့ပြင် ပေါက်ကွဲမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။**

ဖြစ်ပွားပုံမှာ ည ၈ နာရီ မိနစ် ၂၀ ကျော်ခန့်တွင် သီတာရပ်ကွက် လမ်းသွယ်(၅)၊ လမ်းကြား(၂)နှင့် (၃)ကြား အိမ်အမှတ်(၆၉)နေ ဦးဒယောင်တန်ဂွန်း(၅၀)နှစ်၏ နှစ်ထပ်အဆောက်အအုံ၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး အိမ်ပိုင်ရှင် ဦးဒယောင်တန်ဂွန်း၏



သား ဒယောင်ဆိုင်ခွန် (၃၀)နှစ်အပါအဝင် အမျိုးသားခုနစ်ဦး၊ အမျိုးသမီးသုံးဦး သေဆုံးပြီး အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ကိုးဦး ဒဏ်ရာများရရှိခဲ့ကြောင်း၊ ဒယောင်ဆိုင်ခွန်၏ ဝဲဘက်လက်ကောက်ဝတ်ပြတ်၊ ဝဲခြေထောက် ဒူးခေါင်းအောက်ပြတ်နှင့် မျက်နှာတစ်ခြမ်း စုတ်ပြဲဒဏ်ရာများရရှိပြီး သေဆုံးနေသည့်အနေအထားအရ ၎င်းသည် မိုင်းကိုဖောက်ခွဲမှုပြုလုပ်ရေးအတွက် ပြင်ဆင်ပြသနေစဉ် ပေါက်ကွဲမှုဖြစ်ခဲ့သည်ဟု ယူဆရကြောင်း၊ ယမန်နေ့က ဖြစ်ပွားခဲ့သည့် မြစ်ကြီးနားမြို့ ဧရာရပ်ကွက်၊ သီတာရပ်ကွက်နှင့် တပ်ကုန်းရပ်ကွက် ဗုံးပေါက်ကွဲမှုဖြစ်စဉ်များနှင့် ဆက်စပ်မှုရှိနိုင်ကြောင်း သိရှိရသည်။

ဒဏ်ရာရလူနာများအား မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိကာ ပေါက်ကွဲမှုနှင့်ပတ်သက်၍ တာဝန်ရှိသူတို့က ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရှိရသည်။

**ပေါက်ကွဲမှုကြောင့် သေဆုံးသွားသူ တစ်ဦးအား တွေ့ရစဉ်။**

(သတင်းစဉ်)

ပေါက်ကွဲမှုကြောင့် အဆိုပါ နေအိမ်အမှတ် (၆၉)အပါအဝင် အိမ်အမှတ် (၆၇)နှင့် (၆၈)တို့သို့ မီးကူးစက် လောင်ကျွမ်းခဲ့ရာ မီးလောင်ကျွမ်းမှုအား သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်၍ မြစ်ကြီးနားမြို့နယ်မှ မီးသတ်ကားလေးစီး၊ ဝိုင်းမော်မြို့နယ်မှ မီးသတ်ကား နှစ်စီး၊ အေးရှားဝေါလ်ကုမ္ပဏီမှ မီးသတ်ကား နှစ်စီး၊ ရေသယ်ယာဉ်တစ်စီးနှင့် မြို့နယ်စည်ပင်မှ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ပြီး မီးဘေးသင့် အိမ်ထောင်စုများအား ဒေသဆိုင်ရာအာဏာပိုင်များက လိုအပ်သည်များ ကူညီပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

**ပေါက်ကွဲမှုကြောင့် မီးလောင်ပျက်စီးသွားသော ဦးဒယောင်တန်ဂွန်း၏ နေအိမ်ကို တွေ့ရစဉ်။** (သတင်းစဉ်)



### ကချင်ပြည်နယ်အတွင်း ၂၀၁၁ ခုနှစ် ဇွန်လ ၁၄ ရက်မှ နိုဝင်ဘာလ ၁၃ ရက်ထိ KIA မှ အဖျက်အမှောင့်ပြုလုပ်မှုဇယားချုပ်စာရင်း

| စဉ် | လ | တံတား မိုင်းခွဲ (ကြိမ်) | ကားလမ်း မိုင်းခွဲ (ကြိမ်) | မီးရထားလမ်း မိုင်းခွဲ (ကြိမ်) | ယာဉ်/ယန္တရား မိုင်းခွဲ (ကြိမ်) | အဆောက်အအုံ မိုင်းခွဲ (ကြိမ်) | ပစ်ခတ်/ ခားဖြင့်ခုတ် (ကြိမ်) | မီးရှို့ ဖျက်ဆီး (ကြိမ်) | ဖမ်းဆီး လူသစ်စု (ဦး) | KIA တိုက်ခိုက်ခံရ၍ အရပ်သား ထိခိုက်/သေဆုံး | | အခမ့ ဆက်ကြေး ကောက်ခံ (ကြိမ်) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | ထိခိုက်ဒဏ်ရာရရှိ (ဦး) | သေဆုံး (ဦး) | |
| ၁ | ဇွန် | ၆၈ | ၁ | ၅ | ၁ | ၅ | ၃ | ၁ | ၄၈ | ၅ | ၃ | - |
| ၂ | ဇူလိုင် | ၂၃ | ၂ | ၁ | - | ၄ | ၆ | ၂ | ၄၆ | ၂၁ | ၄ | - |
| ၃ | ဩဂုတ် | ၄ | ၁ | - | - | - | ၄ | ၂ | ၄၀ | ၆ | ၃ | ၁ |
| ၄ | စက်တင်ဘာ | - | - | ၁ | - | - | ၈ | - | ၇၅ | ၇ | ၆ | ၁ |
| ၅ | အောက်တိုဘာ | ၆ | ၃ | ၆ | ၂ | ၁ | ၉ | - | ၄၃ | ၉ | ၆ | ၄ |
| ၆ | နိုဝင်ဘာ | ၄ | ၂ | ၅ | - | ၃ | ၁ | ၁ | ၄၀ | ၂၇ | ၁၁ | - |
| | **စုစုပေါင်း** | **၁၀၅** | **၉** | **၁၈** | **၃** | **၁၃** | **၃၁** | **၆** | **၂၉၂** | **၇၅** | **၃၃** | **၆** |



## ဗုဒ္ဓမြတ်စွယ်တော်အား မြန်မာနိုင်ငံအတွင်း ဒေသစာရီကြွချီတော်မူရာတွင် အောင်မြင်စွာပင့်ဆောင်ပူဇော်နိုင်ရေးအတွက် ဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၄**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်တော်အတွင်း ယာယီကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓမြတ်စွယ်တော်အား မြန်မာနိုင်ငံအတွင်း ဒေသစာရီ ဆက်လက်ကြွချီတော်မူရာတွင် အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ရေးအတွက် ဦးစီးကော်မတီများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က အမှာစကား ပြောကြားရာ၌ ဗုဒ္ဓမြတ်စွယ်တော် နေပြည်တော်မှ ရန်ကုန်နှင့်မန္တလေးမြို့များသို့ ဆက်လက်၍ ဒေသစာရီကြွချီတော်မူရာတွင် အတင့်တယ်ဆုံးနှင့် အခမ်းနားဆုံး ကြွချီပူဇော်ခံနိုင်ရန်အတွက် ဆပ်ကော်မတီများအနေဖြင့် စနစ်တကျ စီမံဆောင်ရွက်သွားကြရန် မှာကြားသည်။

**ဆွေးနွေးမှာကြား**

ယင်းနောက် ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးနာယကအဖွဲ့ဝင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က ဗုဒ္ဓမြတ်စွယ်တော် နေပြည်တော်မှ ရန်ကုန်မြို့သို့ ကြွချီရာတွင် ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာဖြင့် ပူဇော်ပို့ဆောင်နိုင်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ပူဇော်ရေး ဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက မိမိတို့ကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အထူးအယူခံခုံရုံး တရားမအထူးအယူခံမှု(၆)မှုကြားနာ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြသိမ်းနှင့် ဦးအောင်ဇော်သိန်းတို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု (၆)မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများအား ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ တွေ့ဆုံဆွေးနွေးမှာကြား

**နေပြည်တော် နိုဝင်ဘာ ၁၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်း/ခရိုင်/ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားပြုဌာနခွဲ၊ ရေ၊ လေကြီးကြပ်ဌာနစုမှ တာဝန်ခံအရာရှိများ၊ မှတ်တမ်းဌာနမှ ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

**မှန်ကန်မြန်ဆန်**

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြီးခဲ့သည့် လေးလတာကာလအတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ဖြေလျှော့နည်းစနစ်ဖြင့် စီမံချက်ရေးဆွဲ၍ ရပ်ကွက်/ကျေးရွာများအရောက် ကွင်းဆင်းကာ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယခုအခါ မိမိရုံးဌာနများသို့ လာရောက်ဆောင်ရွက်သူများကိုလည်း ဖြေလျှော့နည်းစနစ်အတိုင်း မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ပေးကြရန် လိုကြောင်း။

**တက်ညီလက်ညီ**

မိမိတို့ဝန်ကြီးဌာနအနေဖြင့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရပြောင်းလဲရေး၊ အသွင်သစ်ဖြင့် ဆက်ဆံရေး၊ ဥပဒေလုပ်ထုံးလုပ်နည်းများ နားလည်ကျွမ်းကျင်ရေး တို့ကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အောင်မြင်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း စသည်ဖြင့် ရှင်းလင်းမှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးခန်း၌ တိုင်းဒေသကြီးနှင့် ခရိုင်ဦးစီးဌာနမှူးများ၊ တာဝန်ရှိသူများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ရန်ကုန်တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်း/ခရိုင်/ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားပြုဌာနခွဲ၊ ရေ၊ လေကြီးကြပ်ဌာနစုမှ တာဝန်ခံအရာရှိများ၊ မှတ်တမ်းဌာနမှ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။** (သတင်းစဉ်)



## ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ မြို့တွင်းလမ်းလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၄**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းသည် နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် မြစ်ကြီးနားမြို့ ဧရာရပ်ကွက် ရုံးကြီးလမ်း၊ မြို့မရပ်ကွက် အောင်ဆန်းလမ်းနှင့် ခရေပင်လမ်းတို့၌ ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် မြို့မရပ်ကွက်ရှိ အမှတ်(၂)(၁)စည်ပင်သာယာဈေးအတွင်း သန့်ရှင်းသာယာလှပမှုကို ကြည့်ရှုစစ်ဆေး၍ ဈေးသူ၊ ဈေးသားများနှင့် တွေ့ဆုံပြီး သက်ဆိုင်ရာတာဝန်ရှိသူတို့အား ဈေးများ စနစ်တကျ ခင်းကျင်းရောင်းချရေးမှာကြားကာ ဧရာဝတီမြစ်ကမ်းနံဘေး သန့်ရှင်းသာယာလှပရေးနှင့် ရေထိန်းနံရံ ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့**

## ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြား

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်အရှေ့ပိုင်းခရိုင်၌ ကတ္တရာလမ်း ၉၆၄ လမ်း၊ ကွန်ကရစ်လမ်း ၉၇၇ လမ်းနှင့် ဂဝံမြေသားလမ်း ၅၅၆ လမ်း၊ အနောက်ပိုင်းခရိုင်၌ ကတ္တရာလမ်း ၃၇၄ လမ်း၊ ကွန်ကရစ်လမ်း ၁၄၈ လမ်းနှင့် ဂဝံမြေသားလမ်း ၅၇ လမ်း၊ တောင်ပိုင်းခရိုင်၌ ကတ္တရာလမ်း ၃၄၂ လမ်း၊ ကွန်ကရစ်လမ်း ၃၅၄ လမ်းနှင့် ဂဝံမြေသားလမ်း ၄၂၀ လမ်း၊ မြောက်ပိုင်းခရိုင်၌ ကတ္တရာလမ်း ၂၉၅ လမ်း၊ စုစုပေါင်း ကွန်ကရစ်လမ်း ၁၀၀၁ လမ်းနှင့် ဂဝံမြေသားလမ်း ၂၀၈၅ လမ်းကို အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကျန်ရှိကြောင်း သိရှိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်များနှင့် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဌာနမှူး၊ ဒုတိယဌာနမှူးများ၊ ခရိုင်မှူးများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်လမ်း၊ တံတားတာဝန်ခံများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ (၄)၌ ကျင်းပရာ ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့် တက်ရောက်၍ အမှာစကားပြောကြားရာတွင် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ လမ်းများအဆင့်မြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်၊ လုပ်ငန်းများဆောင်ရွက်ရာ၌ လေလွင့်ဆုံးရှုံးမှုများမရှိစေရေး စနစ်တကျ ဆောင်ရွက်ရန်နှင့် မိမိတို့၏ ဝီရိယ၊ ဉာဏစသည့် စွမ်းဆောင်ရည်တို့ဖြင့် ပြသလုပ်ဆောင်ရန် စသည်ဖြင့် မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



**ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနမှူး၊ ဒုတိယဌာနမှူးများ၊ ခရိုင်မှူးများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်လမ်း၊ တံတားတာဝန်ခံများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



**မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Bronte Moules လာရောက်တွေ့ဆုံစဉ်။**
(သတင်းစဉ်)

## မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌအား ဩစတြေးလျနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Bronte Moules သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ငါးစားသုံးမှုနှင့် ပြည်သူတို့၏ အစာစားသောက်ပုံအလေ့အထ

**ဝင်းမွန်**
**(မဟာမစ္ဆဗေဒ)**

ငါးစားသုံးမှုနှုန်း တွက်ချက်ရာတွင် ပြည်နယ်(သို့မဟုတ်)တိုင်းဒေသကြီးမှ မွေးမြူရေးငါး၊ မွေးမြူရေးပုစွန်၊ အင်းအိုင်လုပ်ငန်း၊ ဘုံငါးဖမ်းလုပ်ငန်း၊ ရေငန်ငါး၊ ရေငန်ပုစွန်စသော စီမံကိန်းရည်မှန်းချက်ပါ ငါးထုတ်လုပ်မှုကဏ္ဍကြီး(၆)ရပ်မှ ထုတ်လုပ်မှုသာမက ထုံး၊ အိုင်၊ ဂယက်၊ အိုက် စသည့် ရေနေဇရိယာများ၊ ချောင်းလက်တက်၊ ချောင်းခွဲများမှ ထွက်ရှိသည့် ငါးများကိုပါ ထည့်သွင်းတွက်ချက်ရန် လိုအပ်ပါသည်။

၁၉၀၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သော အင်းအိုင်လက်စွဲဥပဒေ၊ ၁၉၉၁ ခုနှစ်က ထုတ်ပြန်ခဲ့သော ရေချိုငါးလုပ်ငန်းဥပဒေစသည်တို့တွင် အဓိပ္ပာယ်ဖွင့်ဆိုချက် မည်သို့ပါဝင်သည်ဖြစ်စေ ငါးများနေထိုင်၊ ခိုအောင်း၊ ပေါက်ပွား၊ ကြီးပြင်းရာရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်း၊ အိုင် ထိုမှတစ်ဆင့် ရေသေဖြစ်စေ၊ ရေရှင်ဖြစ်စေ၊ ရေအစဉ်အမြဲ တည်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဒီရေရောက်ရာဒေသများ၊ လိပ်များဥချရာသောင်ပြင်များ၊ နိုင်ငံတော်အစိုးရ၏ ရေလှောင်ဆည်ကြီးများ၊ အစိုးရဌာနတစ်ခုအတွင်း သက်ရောက်နေသော သစ်တောဇရိယာအတွင်း၊ သက်ရောက်လျက်ရှိသော ငါးစာပြင်၊ ငါးနေငါးထိုင်တော၊ ငါးတက်ငါးဆင်းလမ်းကြောင်း၊ ရေစီးရေလာ၊ တစ်လံထက်အကျယ်ရှိသောရေပြင်ကို မြန်မာနိုင်ငံငါးလုပ်ငန်းရေပြင်ဟု သတ်မှတ်ထားရာ မည်သို့ဆိုစေ ငါးထုတ်လုပ်ရမည့် အရင်းအမြစ်များအဖြစ် ထည့်သွင်းတွက်ချက်ရန် လိုအပ်ပါသည်။

ပြည်နယ်(သို့မဟုတ်)တိုင်းဒေသကြီး၏ ရှိရင်းစွဲငါးထုတ်လုပ်မှုကဏ္ဍများမှ ထုတ်လုပ်မှု၊ ပြည်နယ်(သို့မဟုတ်) တိုင်းဒေသကြီးအတွင်းသို့ ရေထွက်ပစ္စည်းကုန်စည် စီးဆင်းဝင်ရောက်မှု၊ ပြည်နယ်(သို့မဟုတ်)တိုင်းဒေသကြီးမှ ပြည်ပကျော်လွန်၍ ရေထွက်ပစ္စည်းကုန်စည် စီးထွက်သွားမှုနှင့် လူဦးရေအချိုးချခြင်းဖြင့် လူတစ်ဦး အမှန်တကယ် ငါးစားသုံးမှုကို ရရှိနိုင်မည်မဟုတ်ပေ။ ဖော်ပြခဲ့သော သဘာဝရေပြင်၊ ရေရိုးများမှ ငါးထွက်ရှိမှုကို ထည့်သွင်း တွက်ချက်သင့်ပါသည်။

နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းရပ်တွင် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းခန့်ဟု ဖော်ပြပါရှိရာ ပြည်နယ်(သို့မဟုတ်)တိုင်းဒေသကြီးသို့ စီးဝင်ရောက်ရှိသော ငါးမြစ်ချင်း၊ ငါးကြင်း၊ ပုစွန်စသည့် ရေခဲရိုက်ငါးများသည် ကျေးလက်ဒေသများသို့ လွှမ်းခြုံရောက်ရှိမည်မဟုတ်သဖြင့် လည်းကောင်း၊ မြို့ပေါ်ဈေးကွက်သို့ နေ့စဉ်လာရောက်ဈေးဝယ်ရန် လမ်းပန်းဆက်သွယ်ရေးအခြေအနေအရ လည်းကောင်း၊ ခရီးအကွာအဝေး အခြေအနေအရ လည်းကောင်း ကျေးလက်နေပြည်သူများ ရောက်ရှိဝယ်ယူနိုင်မှု မရှိသဖြင့် ငါးစားသုံးမှုလျော့နည်းသည်ဟု တစ်ထစ်ချတွက်ချက်၍ မရနိုင်ပေ။ သဘာဝရေပြင်၊ ရေရိုးရှိရာဒေသများတွင် ငါးရှာ၊ ဖားရှာ တစ်နေ့စာဝမ်းကျောင်း လူတန်းစားမှအစ ငါးစားသုံးမှုလျော့နည်းမှုမရှိကြောင်း တွေ့ရသည်။

ထို့အပြင် ကျေးလက်နေပြည်သူများသည် မိမိဒေသမှ ထွက်ရှိသည့် ငါးစင်ရိုင်း၊ ငါးစင်စပ်ကဲ့သို့ ဈေးနှုန်းချိုသာသော ငါးနုပ်၊ ငါးဖွဲများမှ နှစ်လုံးပေါက်ရေရှည်စားသုံးနိုင်မည့် ငံပြာရည်ကို ကိုယ်တိုင်ထုတ်လုပ်ခြင်းဖြင့် လည်းကောင်း၊ ငါးပြေမ၊ ငါးပနော်ကဲ့သို့သော ငါးမျိုးများကို ရည်ကျိုငါးပိ၊ စိမ်းစားငါးပိအဖြစ် လည်းကောင်း၊ ငါးဒင်္ဂါး (ငါးပျက်)၊ ငါးခုံးမ(ငါးဘူးစွေ့) ကဲ့သို့သော ငါးမျိုးများကို ငါးပိကောင်အဖြစ် လည်းကောင်း၊ ငါးလူးကြီး၊ ငါးလူးစံပယ်၊ ငါးလဲ၊ ငါးဒိန်းကဲ့သို့သော ငါးမျိုးများကို ငါးဆားနယ်အဖြစ် လည်းကောင်း၊ လျှော်ဆည်၊ သွန်ဆည်မှကျသည့် တင်းတောင်းဖြင့် ချိန်တွယ်ရလောက်အောင် ပေါများသော ပုစွန်ဆိတ်များကို ပုစွန်ဆိတ်ခြောက်အဖြစ် လည်းကောင်း၊ မိရိုးဖလာနည်းများဖြင့် တာရှည်အထားခံ၊ အစားခံများအဖြစ် နှစ်ပေါက်အောင် စုဆောင်းထားလေ့ရှိကြပါသည်။ သို့ဖြစ်ရာ ငါးစားသုံးမှုတွက်ချက်ရာတွင် မိသားစု ငါးဦးနှုန်း ပျမ်းမျှရှိသော မိသားစုတစ်စုသည် ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ပုစွန်ခြောက်စသော ရေထွက်ပစ္စည်းများကို တစ်နေ့လျှင် ၄/-သားနှုန်း စားသုံးသည်ဟု တွက်ချက်နိုင်ကြောင်း တွေ့ရှိရပါသည်။ ဤသည်မှာ မြန်မာဟင်းတိုင်းတွင် ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ပုစွန်ခြောက်နှင့် လွတ်ကင်းသောဟင်းအမည်ဟူ၍ မရှိသလောက်ရှားပါးသောကြောင့် ဖြစ်ပါသည်။

ဥပမာအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် မိကျောင်းအင်း၊ နောင်ကန်ကဲ့သို့ ရေရှားပါးရာဒေသနှင့် မူးကောဒေသများသာမက ဗန်းမောက်မြို့နယ် ကဒူးကနန်းဒေသတွင် အချို့နေရာ၌ သုံးလက်မခန့်သာ ရေအနက်အများဆုံးရှိပြီး အချို့နေရာတွင် အိုက်များဖြင့် ပြည့်နေသည့် ကွဲ့ကောကြီးချောင်း၊ ယင်းသို့သက်ဝင်စီးဆင်းသည့် ဘူးတောင်း၊ ပန်းတောစသည့် ချောင်းငယ်များသည် ငါးရှာ၊ ဖားရှာ အဆိုပါဒေသအတွက် အဓိကငါးထုတ်လုပ်ပေးနေသော အထက်ဖော်ပြပါ မိရိုးဖလာနည်းဖြင့် ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ပုစွန်ခြောက်ပံ့ပိုးပေးနေသည့် ရေအရင်းအမြစ်များဖြစ်ကြောင်း ယနေ့တိုင် တွေ့မြင်နိုင်သည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှတစ်ဆင့် သွားရောက်ရသော နန်းယွန်းတွင် အစာအတွက် ရွှေ့ပြောင်းခြင်းဖြင့် ရောက်ရှိနေသော ငါးများသည် မြစ်အကြေဒေသတွင် ခေတ်မီငါးဖမ်းကိရိယာများ ပေါများခြင်း၊ ရွှေတူးခြင်းလုပ်ငန်းများဖြင့် ရေထုညစ်ညမ်းခြင်းကြောင့် မြစ်အကြေဒေသသို့ ပြန်လည်စုန်ဆင်းခြင်းမရှိတော့ဘဲ မျိုးပွားခြင်း၊ ဆောင်းခိုခြင်းများကို တစ်ပါတည်းဆောင်ရွက်၍ အဆိုပါဒေသကို အမြဲနေအဖြစ် နေထိုင်ကျက်စားလျက်ရှိရာ နန်းယွန်းဒေသတွင် ရေချိုငါးမျိုးစုံ နေထိုင်၊ ပေါက်ပွားပြီး ဒေသခံပြည်သူများမှ ကြိုက်နှစ်သက်သည့် ငါးကိုသာ ရွေးချယ်ဖမ်းဆီးစားသုံးရလေ့ရှိကြောင်း ၂၀၀၀ ပြည့်နှစ် စစ်ကိုင်းတိုင်းဒေသကြီး သားငါးထုတ်လုပ်မှုစာရင်းများအရ သိရှိခဲ့ရပါသည်။

ချင်းပြည်နယ် တွန်းဇံမြို့နယ် ကျီးခါးကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲရာ တောင်ပေါ်ဒေသဖြစ်ပြီး အိန္ဒိယနယ်စပ်တွင် တည်ရှိသော ကျေးရွာဖြစ်သဖြင့် ဈေးကွက်များမှ ရေထွက်ပစ္စည်းကုန်စည်စီးဆင်းမှု အဆိုပါကျေးရွာသို့ ရောက်ရှိလာနိုင်ခြင်း မရှိသော်လည်း အိမ်တိုင်းနီးပါးတွင် ၁၅ ပေ × ၁၀ ပေ အကျယ်ရှိ ရေကန်ငယ်များဖြင့် ငါးမွေးမြူထားရှိ၍ ငါးရိက္ခာဖြည့်တင်းလျက်ရှိကြောင်း ၂၀၀၇ ခုနှစ် ကွင်းဆင်းခရီးများအရ သိရှိခဲ့ရပါသည်။

ယနေ့အချိန်ကာလတွင် ပြည်ပငွေလဲလှယ်နှုန်း ကျဆင်းသဖြင့် လည်းကောင်း၊ မြန်မာငွေကြေးခိုင်မာမှုကြောင့် လည်းကောင်း၊ စီးပွားရေးအရ တွက်ခြေမကိုက်သည့် ပြည်ပပို့ကုန် ရေထွက်ပစ္စည်းများ အထူးသဖြင့် ငါးမြစ်ချင်းငါးများကို ငါးစားသုံးမှု အခြေအနေ၊ အခွင့်အလမ်းနည်းပါးသော၊ ငါးစားသုံးနိုင်မှုမရှိသော မြန်မာနိုင်ငံ အထက်ပိုင်း(အညာဒေသ)သို့ တင်ပို့ရောင်းချလျက်ရှိရာ စီးပွားရေးအရလည်း မြန်မာကျပ်ငွေ ပြန်ပေါ်ကြောင်း၊ ထို့အပြင် အထက်အညာမှ ငါးမြစ်ချင်းစားသုံးရန် အခွင့်အရေးနည်းပါးသူများလည်း ယခုပေါများစွာ စားသုံးနေရကြောင်း ငါးမွေးမြူရေးလုပ်ငန်းရှင်အချို့ထံမှ ကြားသိရပါသည်။

ဤသည်မှာ ငါးစားသုံးမှုသာမက ငါးစားသုံးနည်းကိုပါ ဈေးကွက်မှ သိနားလည်ရန် လိုအပ်လျက်ရှိပါသဖြင့် အထက်အညာဒေသ၏ ငါးစားသောက်ပုံဓလေ့ကို ဖော်ပြအပ်ပါသည်။ အထက်အညာဒေသ အထူးအားဖြင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ ရှေးရိုးမြန်မာကြီးများသည် ဗုဒ္ဓဘာသာဝင်ပီသစွာ မွေးမြူရေးငါး(စားသောက်ရန်အထူးပြုမွေးမြူထားသောငါး)ကို စားသုံးမှုနည်းပါးသည်။ ဧရာဝတီ၊ ချင်းတွင်း၊ ရွှေလီ၊ မြစ်သာကဲ့သို့သော သဘာဝမှ ပံ့သကူအဖြစ် ထုတ်လုပ်သည့် အင်းငါး၊ မြစ်ချောင်းငါးများကို စားသုံးသည့် အလေ့အထများပါသည်။ မွေးမြူရေးငါးကို အင်းငါးအဖြစ် ရောနှောရောင်းချနိုင်သည့် 1 down (၆၀/-သားအောက်) ငါးမြစ်ချင်း၊ ငါးကြင်းများကိုသာ စားသုံးလေ့ရှိသဖြင့် 2up/3up ကဲ့သို့သော(တစ်ပိဿာခွဲ၊ နှစ်ပိဿာအရွယ် ငါးများ)ကို တပ်ရင်း၊ တပ်ဖွဲ့၊ သင်တန်းကျောင်းစသည့် လူထုအစုအဖွဲ့တို့မှသာ ဝယ်ယူစားသုံးမှု များပြားနိုင်ပါသည်။

ထို့အပြင် အညာဒေသတွင် ငါးမြစ်ချင်းခုတ်သား၊ ငါးကြင်းခုတ်သားဟူ၍ အကောင်ကြီးကို ခုတ်ထစ်ပိုင်းရောင်းသည့်စနစ် တွေ့ရမှုနည်းပါးပါသည်။ ခုတ်သားအနေဖြင့် ဈေးကွက်တွင် ရောင်းချသည်မှာ မြစ်ကြီးများမှ ထွက်ရှိသည့် ငါးတန်၊ ငါးရွှေ၊ ငါးမောင်းမ၊ ငါးထွေစသည့် အကြေးမဲ့ငါးများသာ ဈေးကွက်တွင် တွင်ကျယ်ပါသည်။ မြန်မာနိုင်ငံအထက်ပိုင်းဒေသ ရထားလမ်းရိုးတစ်လျှောက်ဟု ခေါ်လေ့ရှိသော နန့်စီးအောင်၊ မော်လူး၊ မိုးညှင်း၊ မိုးကောင်း၊ နမ္မတီးဒေသများတွင် ငါးလူး *(labeo angra)* ငါးဆားနယ်စားသုံးမှု များပြားလေ့ရှိရာ အဆိုပါဈေးကွက်ကြီးသို့ ဖြည့်တင်းရမည့် ငါးလူးစံပယ်(အင်းငါး)များ မထွက်ရှိမီကာလအတွင်း ရွှေဘိုခရိုင်ဒေသမှ မွေးမြူရေး ငါးမြစ်ချင်း *(labeo rohita)* လေးလက်မမှ ခြောက်လက်မအရွယ် ငါးဖြန်းဆိုဒ်များကို ငါးလူး၊ ငါးလူးကြီးရောနှော၍ ငါးဆားနယ်အသွင်ပြောင်းရောင်းချမှုသာ ဈေးကွက် တွင်ကျယ်လေ့ရှိကြောင်း တွေ့ရှိရပါသည်။

စင်စစ်အားဖြင့်မူ အထက်အညာဒေသ(မြန်မာနိုင်ငံအထက်ပိုင်း)မှ ပြည်သူများသည် ငါးကြီး ငါးကောင်း မစားသောက်နိုင်သည်မဟုတ်မူဘဲ ဓလေ့ထုံးစံအရ ရွေးချယ်စားသုံးလေ့ရှိသဖြင့် စားသုံးမှုပုံစံမတူညီကြောင်း တွေ့ရှိရပါသည်။ ၁၉၇၀ နှောင်းပိုင်းကာလတွင် တွင်ကျယ်ခဲ့သည့် မွေးမြူရေးရွှေဝါငါးကြင်းကို သက်န်းအရောင်နှင့်တူသဖြင့် ဘုန်းကြီးငါးဟု သမုတ်ကာ စားသုံးမှုမရှိသလောက် နည်းပါးခြင်း၊ တီလားပီးယားငါးကို ဒိုက်နံ့၊ မှော်နံ့ကြောင့် စားသုံးမှုနည်းပါးခြင်း၊ တန်ခိုးကြီးဘုရားတည်ရာ မြို့ရွာများ(ဥပမာ-ရွှေကူမြို့နယ် ကွန်းတောဘုရား၊ အင်းတော်ကြီးရွှေမဥ္ဇူဘုရား၊ ခင်ဦးမြို့နယ် အညာသီဟတောဘုရား၊ စကုမြို့နယ် ကျောင်းတော်ရာဘုရား)အနီးဒေသများတွင် ငါးရွှေ၊ ငါးထွေကဲ့သို့သော ငါးကြီးများကို နတ်ငါး၊ ဘုရားငါးအဖြစ် တင်စားကာ သားကြီး ငါးကြီးစားသောက်လေ့မရှိသော အလေ့အထ မိရိုးဖလာအရ ယနေ့တိုင် အများစု၌ စွဲထင်ယုံကြည်ဆဲဖြစ်သဖြင့် သားငါးရှားပါး၍ စားသုံးနိုင်စွမ်းမရှိဟု တစ်ထစ်ချသတ်မှတ်၍မရနိုင်ဘဲ စားသုံးမှုပုံစံမတူညီကြောင်းသာ သုံးသပ်သင့်ပါသည်။

အဆိုပါဒေသများတွင် ဧရာဝတီ၊ ချင်းတွင်း၊ ရွှေလီ၊ ဒုဌဝတီ၊ ဇော်ဂျီ၊ ပေါင်းလောင်း၊ မြစ်သာသည့် အဓိကမြစ်ကြီးများ၊ သဖန်းဆိပ်၊ ကာဘိုး၊ ဆည်တော်ကြီး စသော အထင်ကရဆည်ကြီးများ၊ အင်းလေးကန်၊ အင်းတော်ကြီးကန် စသည့် သဘာဝရေပြင်၊ ရေအရင်းအမြစ်များစွာ တည်ရှိသဖြင့် အညာဒေသဟု ခြုံငုံသုံးစွဲသော မြန်မာနိုင်ငံအထက်ပိုင်းဒေသများ၏ ငါးစားသုံးမှုတွက်ချက်ရာတွင် ငါးစားသုံးမှုဓလေ့မတူညီသည်ကို ထည့်သွင်းစဉ်းစား၍ လည်းကောင်း၊ ပုန်းကွယ်နေသော၊ ပျောက်ကွယ်နေသော သဘာဝရေပြင်၊ ရေရိုးများမှ ငါးထွက်ရှိမှုကို ထည့်သွင်းစဉ်းစား၍ လည်းကောင်း၊ နိုင်ငံတစ်ဝန်း သာတူညီမျှမှု အခြေခံကောင်းများအား ထည့်သွင်းတွက်ချက်ခြင်းဖြင့် မြန်မာနိုင်ငံသည် အာရှဒေသတွင် ငါးစားသုံးမှု အများဆုံးအဓိက ၁၀ နိုင်ငံစာရင်းသို့ ရောက်ရှိစာရင်းဝင်နိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။ ။

## စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ အလုပ်ရုံဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၁၄**

စီးပွားရေးတက္ကသိုလ် ၁၉၉၄-၁၉၉၅ ဘွဲ့ရများ ဦးဆောင်သောအဖွဲ့၏ အဋ္ဌမအကြိမ် အလုပ်ရုံဆွေးနွေးပွဲနှင့် ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ အစည်းအဝေးကို နိုဝင်ဘာ ၁၃ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် တပင်ရွှေထီးလမ်းသွယ်(၁)၌ ကျင်းပသည်။

ရှေးဦးစွာ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ ဦးဆောင်သော အဖွဲ့ဥက္ကဋ္ဌ ဦးသက်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်စီးပွားရေးတက္ကသိုလ် အငြိမ်းစား ဒုတိယပါမောက္ခချုပ် ဦးကျော်မင်းထွန်းက Learning Organization ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပြီး **(အောက်ပုံ)** တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် အဖွဲ့အတွင်းရေးမှူး ဦးသန့်ဇင်က ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြောင်း သိရသည်။ (ကြေးမုံ)



**ပျဉ်းမနားမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရန်အောင်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၁၉ ရက်က မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဦးက တစ်ဦးချင်း ပေးအပ်စဉ်။** (၅၈၆)



## TV Guide ထုတ်ဝေဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၁၄**

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ ၂၊ အမှတ် ၃၇ အား ယနေ့တွင် စတင်ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ ယင်း TV Guide စာစောင်တွင် Star Movies ရုပ်သံလိုင်းတွင် ကြည့်ရမည့် Skyline, Diary of A Wimpy Kid, နာမည်ကြီး Twilight ဇာတ်ကားအား သရော်ထားသည့် ဟာသဇာတ်ကား Vampires Suck, Barry Munday စသည့် ဇာတ်ကားသစ်များ၊ Animal Planet ရုပ်သံလိုင်းတွင် အသားစားမိကျောင်းများ၏ အလေ့အထများနှင့် နေထိုင်မှုပုံစံများအား ကြည့်ရမည့် Into The Dragon's Lai အစီအစဉ်၊ အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၏ အကြမ်းဖက်တိုက်ခိုက်ခံရမှုအား အသေးစိတ် ဆန်းစစ်ပြသပေးမည့် Surviving Mumbai အစီအစဉ်နှင့် ရုပ်သံလိုင်းအားလုံး၏ နိုဝင်ဘာ ၁၆ ရက်မှ ၃၀ ရက်အထိ အစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၉-၇၃၀ ၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door to Door မှာယူလိုသူများသည် Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆၊ Market Care ဖုန်း-၀၁-၂၂၃၉၃၊ ၀၉-၇၃၀ ၇၃၀၂၉ တို့သို့ မှာယူနိုင်သည်ဟု သိရသည်။ (သတင်းစဉ်)

## မီးဘေးရှောင် မလောင်ခင်တား

## မင်းပြားမြို့ ဈေးကြီးမီးလောင် ဆိုင်ခန်း ၅၆၇ ခန်း ဆုံးရှုံး

**နေပြည်တော် နိုဝင်ဘာ ၁၄**

နိုဝင်ဘာ ၁၂ ရက် ည ၇ နာရီခွဲခန့်တွင် မင်းပြားမြို့ မြို့မဈေးကြီးအတွင်းရှိ ဦးကျော်စိန်မောင်ဆိုင်ခန်း၌ စားအုန်းဆီအပူပေးရာမှ မီးလောင်မှုဖြစ်ပွားခဲ့ပြီး ဆိုင်ခန်းပေါင်း ၅၆၇ ခန်းခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် လူသေဆုံးမှုမရှိကြောင်း၊ ည ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း ကနဦးသတင်းများအရ သိရသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၅-၁၁-၂၀၁၁ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သတ္တဌာန (ရတနာဦး၊ တေးရေး-ဒဂုန်ဆရာတင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈း၂၀ ၉။ အတီးပြိုင်ပွဲ
- ၈း၃၀ ၁၀။ “နှင်းကြည့်စမ်းပါ”
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ တေးသရုပ်ဖော်အစီအစဉ်
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (စီးပွားရေးပညာ၊ စီးပွားစီမံအထူးပြုများ) (စီးပွားရေးပညာ)
- ၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၀ ၆။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၅း၀၅ ၇။ “နှစ်ပေါင်း(၂၀)” (Solar)
- ၅း၂၅ ၈။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၅း၄၀ ၉။ ပဉ္စမအကြိမ် အာဆီယံ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (အမျိုးသားအဆင့်)
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆း၃၅ ၁၃။ ဆိုလိုက်ကြစို့
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “စိတ်ကူးနဲ့ ကြမ္မာ” (ဒုတိယတွဲ)(အပိုင်း-၁၇)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ “ချိုမြိန်ရသာမုန့်ကမ္ဘာ”
- ၁၉။ **အိန္ဒိယရုပ်ရှင် “မာနခဲ” (အပိုင်း-၂)**
- ၂၀။ အစီအစဉ်ပြီး၏။

✳ စာမျက်နှာ ၇ မှ

ပါကြောင်း၊ သို့ဖြစ်၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။ ယင်းဆွေးနွေးတင်ပြချက်များ အပေါ် လွှတ်တော်၏ သဘောထားရယူရာ ကန့်ကွက်သူများသည့် အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

**ပြင်ဆင်ချက် အပိုဒ် ၆၃ နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးသောင်းက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်တွင်"လွှတ်တော်သည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက သက်ဆိုင်ရာဥပဒေအရ ထုတ်ပြန်ခဲ့သောနည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်သည့်နေ့မှစ၍ သတ်မှတ်ရက်အတွင်း လွှတ်တော်သို့ ပေးပို့နိုင်ရေးအတွက် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရမည်"ဟု ပါရှိပါကြောင်း၊ အမျိုးသားလွှတ်တော်က ဤအပိုဒ်ကို နုတ်ပယ်ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်ကို သဘောတူပါကြောင်းဖြင့် ဆွေးနွေးသည်။ ယင်းဆွေးနွေးတင်ပြချက်အပေါ် လွှတ်တော်၏ သဘောထားရယူရာ ထောက်ခံသူများသည့်အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် သဘောတူကြောင်း ဆုံးဖြတ်သည်။**

ဆက်လက်၍ ပြင်ဆင်ချက်အပိုဒ် ၆၇ နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်သည် ပြီးပြည့်စုံမှုရှိသည့်အတွက် သဘောတူပါကြောင်းဖြင့် ဆွေးနွေးရာ ထောက်ခံသူများသည့် အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ပြင်ဆင်ချက် အပိုဒ် ၆၈ နှင့် စပ်လျဉ်း၍လည်း မူလပြဋ္ဌာန်းချက်သည် ပိုမိုကျစ်လျစ်သိပ်သည်းမှုရှိသည့်အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးရာ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက ဦးသောင်း၏ ဆွေးနွေးချက်ကို သဘောတူပါကြောင်းဖြင့် တင်ပြသည်။ ယင်းဆွေးနွေး တင်ပြချက်များအပေါ် ထောက်ခံသူများသည့် အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် သဘောမတူကြောင်း ဆုံးဖြတ်သည်။

ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင် ဦးအောင်မြသန်းက ပြင်ဆင်ချက်အပိုဒ် ၆၉ နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်သည် စာရေးသားမှုအရ လည်းကောင်း၊ ဥပဒေအရ လည်းကောင်း ကျစ်လျစ်မှုရှိသည့်အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။ ယင်းဆွေးနွေးတင်ပြချက်အပေါ် ထောက်ခံသူများသည့် အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် သဘောမတူကြောင်း ဆုံးဖြတ်သည်။

ပြင်ဆင်ချက်အပိုဒ် ၇၀၊ ၇၁၊ ၇၂ တို့နှင့်စပ်လျဉ်း၍ ပုဒ်မ များ ကွဲလွဲသည်မှအပ စာသားများတူညီမှုရှိသည့်အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။ ယင်းဆွေးနွေးတင်ပြချက်အပေါ် ထောက်ခံသူများသည့် အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ထားရှိရန် သဘောမတူကြောင်း ဆုံးဖြတ်သည်။

**ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၁၈)ခုအနက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် ကိုယ်စားလှယ်များက ပြင်ဆင်ချက်(၁၀)ခုကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ထားရှိရန် သဘောတူဆုံးဖြတ်သည်။

"ဥပဒေကြမ်း၏ အပိုဒ် ၉ အပိုဒ်ခွဲ(င)၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၃၅၊ အပိုဒ် ၃၉ အပိုဒ်ခွဲ (ဂ)၊ အပိုဒ် ၄၀၊ ၄၁၊ ၄၂၊ ၅၅၊ ၆၃၊ ၆၇ တို့သည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုကို လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင်က "ပြည်သူ့လွှတ်တော်က သဘောတူညီမှုမရှိသည့် ပြင်ဆင်ချက်များနှင့်စပ်လျဉ်း၍ သဘောကွဲလွဲခြင်းများကို ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း" အဆိုကို တင်သွင်းရာ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်က ထောက်ခံသည်။ ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် အဆိုအတည်ပြုကြောင်း ဆုံးဖြတ်သည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် ဦးခင်မောင်ညိုက တင်သွင်းသည်။

ထိုသို့တင်သွင်းရာတွင် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အပေါ် စိစစ်ရာတွင် သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း၏ ပြင်ဆင်ချက်အဆိုများကိုလည်း ထည့်သွင်းစဉ်းစားကာ စိစစ်တွေ့ရှိချက်များကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြသွားမည်ဖြစ်ပါကြောင်း၊ အခန်း(၁)၊ အပိုဒ် ၂(ဠ)တွင် "ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း"အတည်ပြုသင့်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်တွင် "ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြုထားသော" ဟူသော စာသားကို ဖြည့်စွက်ထားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်ရုံးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲထားခြင်းမရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြုထားသော ခွင့်ပြုချက်များလည်း မပါရှိကြောင်း စိစစ်တွေ့ရှိချက်အရ"သက်ဆိုင်ရာဥပဒေများက" ဟုဖြည့်စွက်လျှင် သင့်လျော်မည်ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်ကို ကန့်ကွက်ကာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုသင့်ပါကြောင်း။

**အခန်း(၄)၊ အပိုဒ် ၉ (င)တွင် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်သည်"မဲဆန္ဒနယ်မြေနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအတွင်းရှိ အာဏာပိုင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း"ဟူသော ပြင်ဆင်ချက်သည် သင့်လျော်မှုရှိပြီး အခြေခံဥပဒေနှင့်လည်း ညီညွတ်သဖြင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိသင့်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ အပိုဒ် ၉ (စ)တွင် "မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံ ရှင်းလင်းတင်ပြခြင်း" ဟူသည့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အစား "လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်တံခါးပိတ် အစည်းအဝေးများနှင့် ကော်မတီ အစည်းအဝေးများတွင် ဆွေးနွေးသည့် အကြောင်းကိစ္စများ၊ နိုင်ငံတော်၏ လျှို့ဝှက်ချက်များ၊ လွှတ်တော်မှတ်တမ်းမှ ပယ်ဖျက်ထုတ်ပယ်ထားသောအကြောင်း ကိစ္စရပ်များမှအပ လွှတ်တော်တွင် သော်လည်းကောင်း၊ လွှတ်တော်အဖွဲ့အစည်းများတွင် သော်လည်းကောင်း ဆွေးနွေးဆောင်ရွက်ချက်များကို မိမိအားတင်မြှောက်လိုက်သော မဲဆန္ဒနယ်ရှိ ပြည်သူများအား ပြန်လည်အစီရင်ခံခွင့်ရှိခြင်း"ဟူသည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်သည် ဆီလျော်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အား အတည်ပြုသင့်ပါကြောင်း။**

အခန်း(၄)၊ အပိုဒ် ၁၂ (စ)တွင် "လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိမဲဆန္ဒနယ်မြေရှိ မဲဆန္ဒရှင်များနှင့် တွေ့ဆုံရာတွင် နေရာထိုင်ခင်းနှင့် လိုအပ်ချက်များကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာ၌ လိုအပ်ပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ခြင်း၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများထံ တောင်းခံခွင့်ရှိခြင်း"ဟူသော ပြဋ္ဌာန်းချက်သည် ပိုမိုပြည့်စုံပါသဖြင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းသင့်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။

အခန်း(၆)၊ အပိုဒ် ၂၁ တွင် "လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုရေး တိုင်းရင်းသားလူမျိုးများအရေးအပြင် အခြားကိစ္စရပ်များကို လေ့လာတင်ပြနိုင်စေရန်အတွက် လိုအပ်သည့်အခါ ကော်မတီနှင့် အဖွဲ့များကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်" ဟူသော ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အပေါ်တွင် "အခြားကိစ္စရပ်များကို" စာသားအားဖြုတ်ပြီး အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုထားပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ စာသားအတိုင်း ပြင်ဆင်ပေးထားခြင်းဖြစ်၍ သဘောတူညီသင့်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။

**အခန်း(၇)၊ အပိုဒ် ၂၈ တွင် "လွှတ်တော်၏ လုပ်ငန်းတာဝန်များကို စနစ်တကျအောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ပုံမှန်အစည်းအဝေးကို ဥက္ကဋ္ဌက လိုအပ်သည့်အချိန်တွင် ခေါ်ယူကျင်းပရမည်" ဟူသော ပြဋ္ဌာန်းချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေရန် "လွှတ်တော်ပုံမှန်အစည်းဝေးကို ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေးတစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက်မပိုစေရ"ဟူသော အခြေခံဥပဒေအတိုင်းပြဋ္ဌာန်းခြင်းသည် လျော်ကန်သဖြင့် သဘောတူညီသင့်သည်ကို တွေ့ရှိရပါကြောင်း။**

အပိုဒ် ၄၂ တွင် ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် "ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များ"ဟူသော စကားရပ်ကို၊ အမျိုးသားလွှတ်တော်က "ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များ"ဟူသော စကားရပ်ဖြင့် ပြင်ဆင်အတည်ပြုခဲ့ပါကြောင်း၊ ယခု ဥပဒေကြမ်းသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းဖြစ်သည့်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများကို ဖိတ်ကြားခြင်းဖြင့် လုံလောက်မှုရှိပါသဖြင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း သဘောတူညီသင့်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။

အပိုဒ် ၄၉ တွင် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်တွင် ပါရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(င)နှင့်အညီဟု ဖော်ပြထားရာ အခြေခံဥပဒေတွင် ပုဒ်မခွဲငယ်(၁) ဖြစ်သဖြင့် အမျိုးသားလွှတ်တော်၏ ဖော်ပြချက်သည် မှန်ကန်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောတူညီသင့်ပါကြောင်း။

အခန်း(၁၄)၊ အပိုဒ် ၇၈ တွင် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်သည် ဆီလျော်ပြည့်စုံမှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် စိစစ်တွေ့ရှိရပါကြောင်း၊ အပိုဒ် ၇၉ တွင် ပြည်သူ့လွှတ်တော်က "လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လိုအပ်သောမြို့နယ်များတွင် ဖွင့်လှစ် တည်ထောင်ပေးရမည်"ဟု ပြဋ္ဌာန်းခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်က ပုဒ်မ ၆၂ ဟု ပြောင်းလဲပြီး "လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လိုအပ်သောမြို့နယ်များတွင် ဖွင့်လှစ်တည်ထောင်ခွင့်ပေးနိုင်သည်" ဟု ပြင်ဆင်ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်သည် ပြုလွယ်ပြင်လွယ်ရှိပြီး ကျိုးကြောင်းဆီလျော်မှုရှိသဖြင့် အတည်ပြုသင့်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ အပိုဒ် ၈၀ တွင် ပြည်သူ့လွှတ်တော်က "လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လွှတ်တော်က တာဝန်ယူဖွင့်လှစ်ပေးနိုင်ခြင်းမရှိသေးမီ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအစီအစဉ်ဖြင့် ဖွင့်လှစ်လိုပါက နေရာထိုင်ခင်း ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များကျခံ၍ ဖွင့်လှစ်နိုင်သည်"ဟု ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်သည် ဆီလျော်ပြည့်စုံမှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် စိစစ်တွေ့ရှိရပါကြောင်း။

သို့ဖြစ်၍ အမျိုးသားလွှတ်တော်က ပြန်လည်ပေးပို့လာသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ရန်နှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်ကို သဘောမတူပါက ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့သွားနိုင်ရေးအတွက် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါကြောင်းဖြင့် တင်သွင်းသည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပိုဒ်၊ အပိုဒ်ခွဲ(၁၁)ခုကို ပြင်ဆင်ချက်အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်သည်။

ပြင်ဆင်ချက်အပိုဒ် ၂ အပိုဒ်ခွဲ(ဠ) နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါက်တာစိုးမိုးအောင်က လွှတ်တော် ကိုယ်စားလှယ်များ၏ တာဝန်များကို ပုဒ်မ ၉ တွင် ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ မူလပြဋ္ဌာန်းချက်သည် ပြည့်စုံပြီးဖြစ်သဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။ ယင်းဆွေးနွေးတင်ပြချက်အပေါ် ထောက်ခံသူများသည့်အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ထားရှိရန် သဘောမတူကြောင်း ဆုံးဖြတ်သည်။

ပြင်ဆင်ချက်အပိုဒ် ၉ အပိုဒ်ခွဲ (င)နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါက်တာစိုးမိုးအောင်က အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်သည် ပိုမိုသင့်လျော်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိသဖြင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။ ယင်းဆွေးနွေးတင်ပြချက်အပေါ် ထောက်ခံသူများသည့် အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ပြင်ဆင်ချက်အပိုဒ် ၉ အပိုဒ်ခွဲ (စ)နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါက်တာစိုးမိုးအောင်က မူလပြဋ္ဌာန်းချက်သည် ပြည့်စုံလုံလောက်မှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။ ယင်းဆွေးနွေးတင်ပြချက်အပေါ် ထောက်ခံသူများသည့်အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ထားရှိရန် သဘောမတူကြောင်း ဆုံးဖြတ်သည်။

ပြင်ဆင်ချက် အပိုဒ် ၁၂ အပိုဒ်ခွဲ(စ) နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးသိန်းထွန်းဦးက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်သည် ကျစ်လျစ်သိပ်သည်းမှုရှိသည့်အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက ပြင်ဆင်ချက်အဆိုတင်သွင်းရန် ဖြစ်သော်လည်း ပြန်လည်ရုပ်သိမ်းလိုကြောင်း တင်ပြသည်။ ဦးသိန်းထွန်းဦး၏ ဆွေးနွေးတင်ပြချက်အပေါ် ထောက်ခံသူများသည့်အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ပြင်ဆင်ချက်အပိုဒ် ၂၁ နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးသိန်းထွန်းဦးက အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။ ယင်းဆွေးနွေးတင်ပြချက်အပေါ် ထောက်ခံသူများသည့်အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ပြင်ဆင်ချက်အပိုဒ် ၂၈ နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးသိန်းထွန်းဦးက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိသဖြင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။ ယင်းဆွေးနွေးတင်ပြချက်အပေါ် ထောက်ခံသူများသည့် အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ပြင်ဆင်ချက်အပိုဒ် ၄၂ နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးသိန်းထွန်းဦးက အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။ ယင်းဆွေးနွေးတင်ပြချက်အပေါ် ထောက်ခံသူများသည့်အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ပြင်ဆင်ချက်အပိုဒ် ၄၉ နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစတီဖန်က အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။ ယင်းဆွေးနွေး တင်ပြချက်အပေါ် ထောက်ခံသူများသည့်အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ထားရှိရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ပြင်ဆင်ချက်အပိုဒ် ၇၈ နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစတီဖန်က အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသည့်အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။ ယင်းဆွေးနွေးတင်ပြချက်အပေါ် ထောက်ခံသူများသည့် အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် သဘောမတူကြောင်း ဆုံးဖြတ်သည်။

ပြင်ဆင်ချက်အပိုဒ် ၇၉ နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုးရယ်က ပြင်ဆင်ချက်များသည် အနှစ်သာရချင်း တူညီသည့်အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။ ယင်းဆွေးနွေးတင်ပြချက်အပေါ် ထောက်ခံသူများသည့်အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ထားရှိရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ပြင်ဆင်ချက်အပိုဒ် ၈၀ နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုးရယ်က ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်သည် ကျစ်လျစ်ပြည့်စုံမှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။ ယင်းဆွေးနွေးတင်ပြချက်အပေါ် ထောက်ခံသူများသည့်အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ထားရှိရန် သဘောမတူကြောင်း ဆုံးဖြတ်သည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၁၁)ခုအနက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် ကိုယ်စားလှယ်များက ပြင်ဆင်ချက် (၇) ခုကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် သဘောတူ ဆုံးဖြတ်သည်။

"ဥပဒေကြမ်း၏ အပိုဒ် ၉ အပိုဒ်ခွဲ (င)၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၂၁၊ ၂၈၊ ၄၂၊ ၄၉၊ ၇၉ တို့သည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်"အဆိုကို လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက "ပြည်သူ့လွှတ်တော်က သဘောတူညီမှုမရှိသည့် ပြင်ဆင်ချက်များနှင့်စပ်လျဉ်း၍ သဘောကွဲလွဲခြင်းများကို ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း" အဆိုကို တင်သွင်းရာ တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေက ထောက်ခံသည်။ ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် အဆို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့ထားသော "လွှတ်တော်ရုံးဥပဒေကြမ်း"နှင့် စပ်လျဉ်း၍ အောက်တိုဘာ ၂၇ ရက်တွင် ဆောင်ရွက်ဆဲဥပဒေကြမ်းတစ်ခုအဖြစ် ထားရှိရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ ယင်းဥပဒေကြမ်းကို အသစ်ရေးဆွဲပြဋ္ဌာန်းရန်ရှိသည့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အတည်ပြုပြဋ္ဌာန်းပြီးမှသာ ပိုမိုပြည့်စုံအောင် ဆက်လက်ဆောင်ရွက်သင့်သည်ဟု သုံးသပ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ပြည်သူ့လွှတ်တော်တွင် ဆောင်ရွက်ဆဲအဖြစ် ဆုံးဖြတ်၍ ဆိုင်းငံ့ထားသော "လွှတ်တော်ရုံး ဥပဒေကြမ်း"ကို လွှတ်တော်သုံးရပ်ဆိုင်ရာ ဥပဒေများ အသစ်ပြဋ္ဌာန်းပြီးမှသာ ပိုမိုပြည့်စုံစွာ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လိုကြောင်းဖြင့် လွှတ်တော်သို့ တင်ပြသည်။**

**အဆိုပါတင်ပြချက်နှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူဆောင်ရွက်သည်။ အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့် ပေးပို့သော "လွှတ်တော်ရုံးဥပဒေကြမ်း"နှင့် စပ်လျဉ်း၍ လွှတ်တော်သုံးရပ်ဆိုင်ရာ ဥပဒေများ အသစ်ပြဋ္ဌာန်းပြီးမှသာ ပိုမိုပြည့်စုံစွာ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် တင်ပြချက်ကို လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် "လွှတ်တော်ရုံးဥပဒေကြမ်း"ကို အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့မည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။**

ယနေ့အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး (၄၈)ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

# ရှေးဦးပြုစုခြင်းအခြေခံအဆင့်(ဆင့်ပွား)သင်တန်း တန့်ယန်းမြို့၌ ဖွင့်

**တန့်ယန်း နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့နယ် မြို့နယ်ကြက်ခြေနီအသင်းနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ ရှေးဦးပြုစုခြင်းအခြေခံအဆင့်(ဆင့်ပွား) သင်တန်းအမှတ်စဉ်(၁/၂၀၁၁)ကို နိုဝင်ဘာ ၁၂ ရက်က မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ရုံးသင်တန်းခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းသို့ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းနှင့် အမက(၂)မူလွန်ကျောင်းတို့မှ သင်တန်းသား၊ သင်တန်းသူ ၃၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဟု သိရသည်။

(၆၅၅)

## ❍ အမျိုးသားလွှတ်တော်မှ

ခေါင်းစီးစာလုံးအပါအဝင် ဤဥပဒေကြမ်းတစ်ခုလုံးတွင် အသုံးပြုထားသည့် "အသုံးချခွင့်"ဆိုသော စကားရပ်တိုင်းတွင် "လုပ်ပိုင်ခွင့်"ဟူသောစကားရပ်ဖြင့် အစားထိုးရန်၊ အခန်း(၃)၊ အပိုဒ် ၄(က) တွင် "အဆိုပါလယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လုပ်ကိုင်ပိုင်ခွင့်၊ ယင်းသို့ လုပ်ကိုင်ခြင်းမှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကိုခံစားပိုင်ခွင့်" ဟု ပြင်ဆင်ရန်၊ အခန်း (၃)၊ အပိုဒ် ၄(ခ) တွင် "ပေးကမ်းခြင်း၊ အမွေဆက်ခံခြင်း၊ အပြီးအပိုင်လွှဲပြောင်းပေးခြင်း" ဟူ၍ ဖြည့်စွက်ရန်၊ အခန်း(၃)၊ အပိုဒ် ၄(ဃ) တွင် "အသုံးချခွင့်" စာသားအစား "လုပ်ပိုင်ခွင့်" ဟုပြင်ဆင်ရန်၊ အခန်း(၃)၊ အပိုဒ် ၄(င)တွင် "လယ်ယာမြေလုပ်ပိုင်ခွင့်ကာလတွင် သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လုပ်ပိုင်ခွင့်ရှိသည်" ဟု ပြင်ဆင်ရန်၊ အခန်း(၄)၊ အပိုဒ် ၇(င)တွင် "လယ်ယာမြေကို **နိုင်ငံခြားသားများအား** ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ အပြီးအပိုင်လွှဲပြောင်းပေးခြင်းမပြုရ" ဟု ပြင်ဆင်ဖြည့်စွက်ရန်၊ အခန်း(၅)၊ အပိုဒ် ၁၂(က)တွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းမှုကိုပြင်ဆင်ရန်၊ အခန်း(၈)၊ အပိုဒ် ၂၀(က)နှင့် အခန်း(၈)၊ အပိုဒ် ၂၁ တို့တွင် "အမိန့် သို့မဟုတ် စီရင်ချက်'' ဟူသော စာသားအစား "ဆုံးဖြတ်ချက်" ဟုပြင်ဆင်ရန်၊ အခန်း(၉)၊ အပိုဒ် ၂၂ တွင် "တည်ဆဲ အခြားတရားဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ နိုင်ငံတော်အကျိုးအလို့ငှာ ပြန်လည်သိမ်းယူသည့်လယ်ယာမြေများအတွက် နစ်နာကြေးနှင့် လျော်ကြေးကို ပေးရန် နည်းဥပဒေပြဋ္ဌာန်းသတ်မှတ်ပေးရမည်"ဟုပြင်ဆင်ရန် အကျိုးအကြောင်းဖော်ပြ၍ ရှင်းလင်းဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက ဥပဒေကြမ်း၏ ခေါင်းစဉ်တွင် "၂၀၁၁ ခုနှစ် လယ်ယာမြေဥပဒေ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဥပဒေအမှတ်( )"ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဖြစ်စေရန် "၂၀၁၁ ခုနှစ် လယ်ယာမြေဥပဒေ၊ (၂၀၁၁ ခုနှစ် ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ( )"ဟု ပြင်ဆင်သင့်ပါကြောင်း၊ စကားချီးတွင်လည်း "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။" အစား ပိုမိုပြည့်စုံစေရန် "ပြည်ထောင်စုလွှတ်တော်သည် တောင်သူလယ်သမားများ၏ လူမှုစီးပွားရေးဘဝ မြင့်မားတိုးတက်စေရန်နှင့် တောင်သူလယ်သမားများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်နိုင်ရန် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။"ဟု ပြင်ဆင်သင့်ပါကြောင်း၊ အခန်း(၁)အမည်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ အပိုဒ် ၂၊ အပိုဒ်ခွဲ (က)ပါ လယ်ယာမြေဆိုသည့် စကားရပ်အား အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် "**လယ်ယာမြေပေါ်၌ ဤဥပဒေနှင့် အညီ ခွင့်ပြုထားသော မွေးမြူရေး လုပ်ကိုင်သည့်မြေများ**"ဟူသည့် စကားစုသည် လယ်ယာမြေမဟုတ်တော့သည့်အတွက် အပိုဒ်ခွဲ(က)မှ ထုတ်နုတ်ပယ်ဖျက်သင့်ပါကြောင်း၊ ဥပဒေမူကြမ်းတွင် ပါရှိခြင်းမရှိသော "**လယ်ယာမြေ အငှားချထားခြင်း** သို့တည်းမဟုတ် **လယ်ယာမြေ သီးစားချထားခြင်း** ဆိုသည်မှာ ထိုလယ်ယာမြေတွင် အကျိုးခံစားခွင့်ကို အတိအလင်းအချိန်ကာလ ကန့်သတ်၍ ဖြစ်စေ၊ အချိန်ကာလ ကန့်သတ်ရာ ရောက်သည့် အချက်များနှင့်ဖြစ်စေ ထာဝစဉ်ဖြစ်စေ၊ အဖိုးစားနားနှင့်သော်လည်းကောင်း၊ အဖိုးစားနားမပါဘဲသော်လည်းကောင်း လွှဲပြောင်းပေးခြင်းကို ဆိုလိုသည်။"ဟု မူလ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေတွင် ပါရှိသည့်အတိုင်း ထည့်သွင်းရန် လိုအပ်ချက်အရ ယခုဥပဒေ၏ အခန်း(၁)၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ) အောက်တွင် မူလ ဥပဒေပါအတိုင်း အပိုဒ်ခွဲ (ဃ)အဖြစ် အသစ်ထပ်မံ

# အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဦးစီးအရာရှိများ အရည်အသွေးမြှင့်မွမ်းမံသင်တန်း အမှတ်(၂)ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၄**

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဦးစီးအရာရှိများ အရည်အသွေးမြှင့်မွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအောက်ရှိ ဌာနခွဲများနှင့်တည်ဆောက်ရေးများမှ ဦးစီးအရာရှိ (မြို့ပြ၊ စက်မှု၊ လျှပ်စစ်၊ ဘူမိ၊ မိုင်း) သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# (၆၁) နှစ်မြောက် အမျိုးသားနေ့

၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်

(၂၈-၁၁-၂၀၁၁)

# (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်နေမှုများ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ကြည့်ရှုအားပေး



နေပြည်တော် နိုဝင်ဘာ ၁၄

**(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ ကျင်းပရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ ပါလမ်ဘန်မြို့၌ ရောက်ရှိနေသော မြန်မာနိုင်ငံအမျိုးသား အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းမှစတင်၍ ပြိုင်ပွဲများ ကျင်းပရာ အားကစားရုံများသို့သွားရောက်ကာ အားကစားသမားများ ပြိုင်ပွဲဝင်နေမှုများကို ကြည့်ရှုအားပေးသည်။**

ပြည်ထောင်စုဝန်ကြီးသည် ဘိလိယက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲများ ကျင်းပရာ Opi Convention Hall ၌ မြန်မာနှင့်ထိုင်း ဘိလိယက်ကစားသမားများ ပြိုင်ပွဲဝင်နေမှု၊ တင်းနစ်အားကစားရုံ၌ ပြိုင်ပွဲဝင် တင်းနစ်အားကစားသမားများ ပြိုင်ပွဲဝင်နေမှု၊ သေနတ်ပစ်ပြိုင်ပွဲများ ကျင်းပရာ Complex/Sports Hall ၌ သေနတ်ပစ် အားကစားသမားများ ပြိုင်ပွဲဝင်နေမှုတို့ကို ကြည့်ရှုအားပေးပြီး သေနတ်ပစ်ထိချက်များ ပြသထားသော အီလက်ထရွန်နစ်စနစ်သုံး ရလဒ်ပြဇယားတို့ကို ကြည့်ရှုလေ့လာသည်။

ထို့နောက် ပါလမ်ဘန်မြို့ အားကစားရွာအတွင်းရှိ ပင်မစားသောက်ခန်းမအတွင်း ခင်းကျင်းပြသထားသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မြန်မာနိုင်ငံက ပြုလုပ်ထားသော အထိမ်းအမှတ် လာဘ်ရုပ်ပုံ၊ အထိမ်းအမှတ်တံဆိပ်နှင့် အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ခင်းကျင်းပြသထားမှု၊ ကျွမ်းဘားပြိုင်ပွဲများ ကျင်းပရာ Jakabaring Complex အတွင်းရှိ အားကစားခန်းမ၌ ပြိုင်ပွဲဝင်အားကစားသမားများ ယှဉ်ပြိုင်နေမှုနှင့် ရေကူးပြိုင်ပွဲများ ကျင်းပရာ အားကစားရုံ၌ ပြိုင်ပွဲဝင် အားကစားသမားများ ဒိုင်ဗင်ပြိုင်ပွဲဝင်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကြည့်ရှုအားပေး

**မြန်မာနိုင်ငံအမျိုးသား အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မြန်မာနိုင်ငံက ပြုလုပ်ထားသော အထိမ်းအမှတ် လာဘ်ရုပ်ပုံ၊ အထိမ်းအမှတ်တံဆိပ်နှင့် အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

## စက်သုံးဆီ ရောင်းဈေးနှုန်းများ

### ၁၄-၁၁-၂၀၁၁ (တနင်္လာနေ့)

| Mean of Platts Singapore Price(MOPS)အရ ရန်ကုန်ဆိပ်ကမ်းအရောက်ဈေးနှုန်း | ဓာတ်ဆီ 92 Ron | ဒီဇယ်ဆီ |
|---|---|---|
| USD/IG | ၄. ၀၁၉ | ၄. ၁၉၄ |
| ကျပ်/ဂါလန် (1 USD=782 Kyats) နိုင်ငံခြားငွေရောင်းဝယ်လဲလှယ်ရေးဌာန (သိမ်ဖြူရောင်းဈေးနှုန်း) | ၃၁၄၂. ၈၆ | ၃၂၇၉. ၇၂ |

| အိမ်နီးချင်းနိုင်ငံများ၏ ရောင်းဈေးနှုန်းများ | (အမေရိကန်ဒေါ်လာ/ဂါလန်) | |
|---|---|---|
| နိုင်ငံ | ဓာတ်ဆီ 92Ron | ဒီဇယ်ဆီ |
| ကမ္ဘောဒီးယား | ၅. ၇၆ | ၅. ၃၇ |
| ထိုင်း | ၄. ၉၉ | ၄. ၁၃ |
| အိန္ဒိယ | ၆. ၁၆ | ၃. ၉၉ |
| တရုတ် | ၄. ၂၈ | ၄. ၄၈ |
| ဘင်္ဂလားဒေ့ရှ် | ၅. ၁၃ | ၃. ၁၉ |
| လာအို | ၆. ၅၂ | ၅. ၁၇ |
| စင်ကာပူ | ၇. ၃၇ | ၅. ၆၉ |
| အင်ဒိုနီးရှား | ၃. ၈၆ | ၃. ၉၆ |
| ဖိလစ်ပိုင် | ၅. ၉၄ | ၄. ၆၃ |
| ဘရူနိုင်း | ၁. ၈၃ | ၁. ၁၁ |
| ကိုရီးယား | ၈. ၀၉ | ၇. ၂၄ |

| ဒေသအလိုက် ပြည်တွင်းရောင်းဈေးနှုန်းများ | | | | | | (ကျပ်/ဂါလန်) |
|---|---|---|---|---|---|---|
| ဒေသများ | ပြည်တွင်းထုတ် ဓာတ်ဆီ | | ပြည်ပမှတင်သွင်းသည့် ဓာတ်ဆီ 92Ron | | ပြည်ပမှတင်သွင်းသည့် ဒီဇယ်ဆီ | |
| | ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း | ပြင်ပ ရောင်းဈေးနှုန်း | ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း | ပြင်ပ ရောင်းဈေးနှုန်း | ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း | ပြင်ပ ရောင်းဈေးနှုန်း |
| နေပြည်တော် | ၂၅၀၀ | ၄၈၀၀ | ၃၉၀၀ | ၃၈၀၀ | ၃၅၀၀ | ၃၄၀၀ |
| ရန်ကုန် | ၂၅၀၀ | ၄၄၀၀ | ၃၉၀၀ | ၃၇၀၀ | ၃၃၅၀ | ၃၃၀၀ |
| မန္တလေး | ၂၅၀၀ | ၄၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ |
| ပုသိမ် | ၂၅၀၀ | ၄၃၀၀ | ၃၈၀၀ | ၃၆၀၀ | ၃၄၀၀ | ၃၂၀၀ |
| ပဲခူး | ၂၅၀၀ | ၄၅၀၀ | ၃၆၅၀ | ၃၆၀၀ | ၃၄၅၀ | ၃၂၅၀ |
| ပြည် | ၂၅၀၀ | ၄၈၀၀ | ၃၉၀၀ | ၃၈၀၀ | ၃၆၀၀ | ၃၅၀၀ |
| မကွေး | ၂၅၀၀ | ၄၇၀၀ | ၄၁၀၀ | ၄၀၀၀ | ၃၇၀၀ | ၃၄၀၀ |
| မုံရွာ | ၂၅၀၀ | ၄၆၀၀ | ၄၂၀၀ | ၄၂၀၀ | ၃၈၀၀ | ၃၄၅၀ |
| တောင်ကြီး | ၂၅၀၀ | ၄၃၀၀ | ၄၀၀၀ | ၃၉၀၀ | ၃၆၀၀ | ၃၅၀၀ |
| လားရှိုး | ၂၅၀၀ | ၃၆၀၀ | ၄၃၅၀ | ၃၈၀၀ | ၃၉၀၀ | ၃၅၀၀ |
| ကျိုင်းတုံ | - | - | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ |
| မော်လမြိုင် | ၂၅၀၀ | ၃၇၀၀ | ၃၈၀၀ | ၃၆၀၀ | ၃၅၀၀ | ၃၂၀၀ |
| လွိုင်ကော် | ၂၅၀၀ | ၄၅၀၀ | ၄၁၀၀ | ၄၀၀၀ | ၃၆၀၀ | ၃၄၀၀ |
| ဘားအံ | ၂၅၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၄၀၀ | ၃၅၀၀ | ၃၄၀၀ |
| မြိတ် | ၂၅၀၀ | ၃၀၀၀ | - | ၃၂၀၀ | - | ၃၀၀၀ |
| စစ်တွေ | ၂၅၀၀ | ၅၀၀၀ | - | - | ၃၆၀၀ | ၃၄၀၀ |
| မြစ်ကြီးနား | ၂၅၀၀ | ၄၈၀၀ | - | ၄၆၀၀ | ၄၀၀၀ | ၃၈၀၀ |
| ဟားခါး | ၂၅၀၀ | ၄၅၀၀ | ၄၆၀၀ | ၄၄၀၀ | ၃၈၅၀ | ၃၉၀၀ |

၁။ လွတ်လပ်စွာ ပုဂ္ဂလိကတင်သွင်းဖြန့်ဖြူးရောင်းချနေသည့် ဓာတ်ဆီ 92 Ron နှင့် ဒီဇယ်ဆီရောင်းဈေးနှုန်းများသည် အိမ်နီးချင်းနိုင်ငံများ၏ ရောင်းဈေးနှုန်းများနှင့် နှိုင်းယှဉ်ကြည့်ပါက သက်သာမှုရှိသည်ကို တွေ့ရှိရသော်လည်း နေ့စဉ် MOPS ဈေးနှုန်းအရ ခန့်မှန်းရောင်းဈေးနှုန်းကို တွက်ချက်ကြည့်မည်ဆိုပါက ဖြစ်သင့်ဖြစ်ထိုက်သည့် ရောင်းဈေးနှုန်းများထက်ပိုများနေကြောင်း တွေ့ရှိရပါသည်။

၂။ ပြည်တွင်းထုတ်ဓာတ်ဆီကို တစ်နိုင်ငံလုံးတွင် ပုဂ္ဂလိကအရောင်းဆိုင်များမှ တစ်ဂါလန်လျှင် ၂၅၀၀ိ/ ဈေးနှုန်းတစ်ပြေးညီဖြင့် ဖြန့်ဖြူးရောင်းချပေးနေသော်လည်း ပြင်ပပေါက်ဈေးနှုန်းသည် ဝိသမလောဘသမားများကြောင့် အဆမတန်မြင့်တက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ **(စွမ်းအင်ဝန်ကြီးဌာန)**

# ကချင်ပြည်နယ်လွှတ်တော်နှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးများကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၄**

**ယနေ့ ကချင်ပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (စတုတ္ထနေ့)ကို နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံနှင့် လွှတ်တော်ကိုယ်စားလှယ် (၄၆)ဦးတို့ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် မေးခွန်း(၁၆)ခု မေးမြန်းဖြေကြားခြင်း၊ ပြည်နယ်ဥပဒေချုပ်က ရှင်းလင်းဆွေးနွေးခြင်း၊ ယမန်နေ့က တင်သွင်းထားသော အဆို(၄)ခုကို ဆွေးနွေးခြင်း၊ အဆို(၂)ခု ထပ်မံတင်သွင်းခြင်းတို့ ဆောင်ရွက်ကြပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် အစည်းအဝေးကို ရပ်နားလိုက်သည်။

ယနေ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး အပါအဝင် လွှတ်တော်ကိုယ်စားလှယ် (၇၄)ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် အစည်းအဝေး မတက်ရောက်နိုင်သော တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်သည်။

ယင်းနောက် မေးခွန်း (၃၁)ခု မေးမြန်းဖြေကြားခြင်းဆောင်ရွက်ပြီး အစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာအားကစားအသင်း ကြေးတံဆိပ်နှစ်ခု ထပ်မံဆွတ်ခူးရရှိ

**ရန်ကုန် နိုဝင်ဘာ ၁၄**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဆက်လက်ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၁၂ ရက်တွင် အမျိုးသမီး ကရာတေးဒိုအသင်းလိုက် "ခတ" ပြိုင်ပွဲ၌ ပိုးမြာ၊ ဆွေဆွေအောင်နှင့် သဇင်အေးတို့က ဗီယက်နမ်နှင့် ပူးတွဲတတိယကြေးတံဆိပ်ဆု ဆွတ်ခူးရရှိပြီး ပထမဆုကို အင်ဒိုနီးရှားနိုင်ငံက လည်းကောင်း၊ ဒုတိယဆုကို မလေးရှားနိုင်ငံကလည်းကောင်း ဆွတ်ခူးရရှိကြသည်။

နိုဝင်ဘာ ၁၃ ရက်တွင် အမျိုးသမီး မီတာ(၄၀၀)အပြေးပြိုင်ပွဲ၌ ကေခိုင်လွင်က တတိယကြေးတံဆိပ်ဆု ဆွတ်ခူးရရှိပြီး ပထမဆုကို ထိုင်းနိုင်ငံက လည်းကောင်း၊ ဒုတိယဆုကို ဗီယက်နမ်နိုင်ငံက လည်းကောင်း ဆွတ်ခူးရရှိကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**







## အမျိုးသမီး ကရာတေးဒိုပြိုင်ပွဲ

**နိုဝင်ဘာ ၁၂ ရက်က အမျိုးသမီး ကရာတေးဒို အသင်းလိုက်"ခတ" ပြိုင်ပွဲ၌ တတိယ ကြေးတံဆိပ်ဆု ဆွတ်ခူးရရှိသွားသော ပိုးမြာ၊ ဆွေဆွေအောင်နှင့် သဇင်အေး။**



## အမျိုးသမီး မီတာ(၄၀၀) အပြေးပြိုင်ပွဲ

**နိုဝင်ဘာ ၁၃ ရက်က အမျိုးသမီး မီတာ (၄၀၀) အပြေးပြိုင်ပွဲ၌ တတိယ ကြေးတံဆိပ်ဆု ဆွတ်ခူးရရှိသွားသော ကေခိုင်လွင်။**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်၊ ပြည်ထဲရေးရာနှင့် ဥပဒေရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၄

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်၊ ပြည်ထဲရေးရာနှင့် ဥပဒေရေးရာကော်မတီဒုတိယဥက္ကဋ္ဌ H. E. Mr. Bai Jingfu ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် တရုတ်-မြန်မာလွှတ်တော်များ၏ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ လွှတ်တော်အနေဖြင့် တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နေမှုနှင့် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်အနေဖြင့် ဥပဒေကြမ်းများရေးဆွဲတင်သွင်းနေမှုတို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ပြည်သူ့လွှတ်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်၊ ပြည်ထဲရေးရာနှင့် ဥပဒေရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ H. E. Mr. Bai Jingfu လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၁၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီး General Phung Quang Thanh ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ ထွက်ခွာကြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ပို့ဆောင်နှုတ်ဆက်ကြသည်။

**လိုက်ပါ**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသောင်းအေး၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြထွန်းဦး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)



# တတိယအကြိမ် ကမ္ဘာ့ကာယဗလ တံခွန်စိုက်ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ထွန်းမင်း မောင်စကြဝဠာ တတိယဆုရရှိ

**ရန်ကုန် နိုဝင်ဘာ ၁၄**

မြန်မာနိုင်ငံကာယဗလအဖွဲ့သည် မလေးရှားနိုင်ငံ မလက္ကာမြို့၌ နိုဝင်ဘာ ၉ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည့် ကမ္ဘာ့ကာယဗလအဖွဲ့ချုပ်ညီလာခံနှင့် ၂၀၁၁ ခုနှစ် တတိယအကြိမ် ကမ္ဘာ့ကာယဗလ တံခွန်စိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ကမ္ဘာ့ကာယဗလတံခွန်စိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ထွန်းမင်းသည် ၆၀ ကီလိုတန်းမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကမ္ဘာ့မောင်စကြဝဠာ တတိယဆုကိုရရှိခဲ့သည်။ ထို့အပြင် ကမ္ဘာ့ကာယဗလအဖွဲ့ချုပ် ညီလာခံ၌ မြန်မာ့ကာယဗလအဆင့်အတန်း တိုးတက်ဖွံ့ဖြိုးရေး လုပ်ငန်းများကို တစိုက်မတ်မတ် နှစ်ပေါင်းများစွာ အောင်မြင်မှုရရှိအောင် ကြိုးစားဆောင်ရွက်ခဲ့ကြသော မြန်မာ့ကာယဗလအဖွဲ့ချုပ် **စာမျက်နှာ ၄ ကော်လံ ၅ သို့** ✽

## ထူးခြားသည့် ညအပူချိန်များ

၁၄-၁၁-၂၀၁၁

| | |
|---|---|
| ဟားခါး | ၆ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၅ ဒီဂရီစင်တီဂရိတ် |

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

၁၄-၁၁-၂၀၁၁

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။